# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၁၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်

## (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်)

## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ယနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့သို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်သီဟ(ပြင်ဦးလွင်မဲဆန္ဒနယ်) ၏ မိတ်ဆွေ ၄ ဦး တက်ရောက်လေ့လာလျက်ရှိ ကြောင်းတင်ပြအပ်ပါတယ်ရှင်။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်စတင်ပါ တော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ သုမင်္ဂလာအပေါင်း နှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ် မြောက်ပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၂၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၈.၄၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့မှာ အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူများ ရဲ့ကိုယ်စား လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်း က တင်ပြပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၁ ရက်၊

(၂) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၃) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းကျော်နီ ခွင့် ၂ ရက်၊

(၄) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၅) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၂ ရက်၊

(၆) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၇) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၄ ရက်၊

(၈) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၁ ရက်၊

(၉) ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွဲ့ ခွင့် ၂ ရက်၊

(၁၀) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းမြခေါင်လွင် ခွင့် ၁ ရက်၊

(၁၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၁၂) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၁၃) မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း ခွင့် ၁ ရက်၊

(၁၄) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၂ ရက်၊

(၁၅) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၄ ရက်၊

(၁၆) ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ငွေအောင် ခွင့် ၁ ရက်၊

(၁၇) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

(၁၈) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၁၉) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၂၀) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊

(၂၁) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊

**မူကြမ်း**

(၂၂) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ခွင့် ၁ ရက်၊

(၂၃) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်နှင့်

(၂၄) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၄ ရက်တို့ဖြစ်ပါတယ်။ ယနေ့ခွင့်ပန်ကြားသူ ၂၄ ဦး၊ ယခင်ခွင့်ပန်ကြားထားသူ ၆၆ ဦး စုစုပေါင်း ၉၀ ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၉၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ကို ဆောင်ရွက်ရန် ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ

စိစစ်ဆောင်ရွက်ရေး ကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်၍ အစီရင်ခံစာ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွေး(အဖွဲ့ဝင်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက် ရေးကော်မတီ)။** ။ လေးစားအပ်တဲ့ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးဖြစ်ပြီး ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေး ကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့တာဝန်ပေးအပ်ချက်အရ အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။ ကော်မတီရဲ့အစီရင်ခံစာ အမှတ်စဉ်(၁/၂၀၁၅)တွင် ခေါင်းစဉ် ၅ မျိုးဖြင့် တင်ပြထားပြီးတော့ အစီရင်ခံစာကိုလည်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများထံကို ဖြန့်ဝေထားပြီးလည်း ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ အကျဉ်းချုပ်ပြီးတင်ပြသွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(ဂ)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ပုဒ်မ ၂၇ တို့နှင့်အညီ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ကော်မတီကို ပါတီစုံမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

၎င်းကော်မတီကို မူလတရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီမှ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီအဖြစ် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှစတင်၍ ပြည်သူ့လွှတ်တော် အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

ကော်မတီသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှပေးပို့လာသော တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ကော်မတီရဲ့ ဆောင်ရွက်

မှုနှင့် သုံးသပ်ချက်၊ အကြံပြုချက်များကို ယခုကျင်းပနေသော (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တွင် ဒုတိယအကြိမ် အစီရင်ခံစာအမှတ်စဉ်(၁/၂၀၁၅)ဖြင့် မှတ်တမ်းတင်ထားရှိနိုင်ရန် တင်သွင်း အစီရင်ခံခြင်းလည်းဖြစ်ပါတယ်။

၎င်းကော်မတီသို့ ရောက်ရှိလာသော အမှုများမှာ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ တိုင်ကြားစာများမှာ အရေအတွက်များပြားသည်သာမက အမှုဖြစ်စဉ်များမှာလည်း များစွာရှုပ်ထွေး၊ နက်နဲကျယ်ပြန့်လှပါသည်။ တိုင်ကြားစာပါ အမှုများတွင် မူလမှု၊ ခရိုင်တရားရုံးတွင် အယူခံမှု၊ တိုင်းတရားလွှတ်တော်တွင် အယူခံမှု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပထမအယူခံ၊ ဒုတိယ သုံးပါးထိုင် အယူခံခြင်းစသည်ဖြင့် အဆင့်ဆင့်ဖြစ်ပွားခဲ့သော အဆုံးအဖြတ်များ၊ အမိန့်များ၊ ဒီကရီများ စသည်တို့ ပါဝင်ပါတယ်။

ပြည်သူ့လွှတ်တော်ရဲ့ တာဝန်များကို စောင့်ကြည့်လေ့လာခြင်းလုပ်ငန်း (Parliamentary Function of Oversight) တာဝန်မှာ အရေးပါသော တာဝန်ဖြစ်ပါသည်။ အဲဒီတာဝန်များကို တာဝန်ရှိ လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် ပြည်ထောင်စုလွှတ်တော် နာယက က ၂၉-၇-၂၀၁၃ ရက်နေ့တွင် လမ်းညွှန်ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံရေးစနစ်ရဲ့ ပုံသဏ္ဍာန်ကို ပြုပြင်ပြောင်းလဲ နေစဉ်အချိန်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရရှိထားတဲ့ စောင့်ကြည့်လေ့လာနိုင်တဲ့ စွမ်းရည်ကို မြှင့်တင်ရန်မှာ အစဉ်မပြတ်လက်တွေ့ကျကျ မစွမ်းဆောင်နိုင်သော်လည်း အခြေအနေအမျိုးမျိုးတွင် လွှတ်တော်သည် မိမိတို့ရဲ့ ကိုယ်ပိုင်နည်းဖြင့် စောင့်ကြည့်လေ့လာတဲ့ စွမ်းရည်ကို မြှင့်တင်နိုင်မယ်ဟု ယင်းစာစောင်မှာပါရှိရာ မိမိတို့ကော်မတီအနေနဲ့ တရားစီရင်ရေးတွင် ပြည်သူများနစ်နာမှု နည်းနိုင် သမျှနည်းပါးရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

စောင့်ကြည့်လေ့လာခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်း လုပ်ငန်းစဉ်များတွင် တရား စီရင်ရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် အထူးသတိထား ဆင်ခြင်သုံးသပ်ရပါတယ်။ ၎င်းအစီရင်ခံစာဟာ မည်သည့်နည်းနှင့်မျှ ပြည့်စုံအောင်လွှမ်းခြုံနိုင်မှာမဟုတ်ပါဘူး။ သို့ရာတွင် တရားစီရင်ရာတွင် အဂတိလိုက်စားမှုလျော့နည်းရန်နှင့် တရားသူကြီးအဆင့်ဆင့်က ဆင်ခြင်သင့်သည် များကို ဆင်ခြင်နိုင်ရန် အထောက်အကူပြုမည်ဟု သုံးသပ်ဖော်ပြအပ်ပါသည်။

**ဆောင်ရွက်ချက်များ**

မိမိတို့ကော်မတီက လက်ခံရရှိသော တိုင်စာများတွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ် များနှင့် သက်ဆိုင်ခြင်းမရှိတဲ့ အမှုကိစ္စများစွာ ပါဝင်တာကို တွေ့ရပါတယ်။ မြေယာကိစ္စများ၊ အိုးအိမ် ကိစ္စများ၊ ပြစ်မှုဆိုင်ရာမှုခင်းကိစ္စများစသည်ဖြင့် ပါဝင်လျက်ရှိရာ ကော်မတီနှင့် မသက်ဆိုင်တဲ့ ဖြစ်ရပ်

မူကြမ်း

များတွင် မှတ်တမ်းတင်ထားရှိသင့်သည်များကို မှတ်တမ်းတင်ထားရှိခြင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းအသီးသီးသို့ လွှဲပြောင်းပေးခြင်းများကို ပထမစိစစ် ခွဲခြားပေး ပို့၍ တရားစီရင်ရေးနှင့် ဥပဒေရေးရာမှုခင်းများကိုသာ လေ့လာ စိစစ်ခဲ့ပါတယ်။ သို့ရာတွင် လက်ခံရရှိသောမှုခင်းများနှင့် ဤကော်မတီရဲ့ ဆောင်ရွက်နိုင်မှုမှာ ဝန်နှင့်အားမမျှခဲ့သည်ကို ပဏာမဝန်ခံရမှာပဲ ဖြစ်ပါတယ်။

ကော်မတီဝင်များသည် မိမိတို့ရသမျှ အချိန်အတောအတွင်းမှာ ဆောင်ရွက်နိုင်သမျှကို ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီဝင် ၁၅ ဦးအား အဖွဲ့ဝင်သုံးဦးစီပါဝင်တဲ့ အဖွဲ့ငယ် လေးဖွဲ့ကိုခွဲပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နယ်မြေခွဲဝေသတ်မှတ်ပြီး အမှုတွဲများကို လေ့လာစိစစ်ခဲ့ကြပါတယ်။

ကော်မတီဟာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများကို ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း စုစုပေါင်း (၇၁)ကြိမ် ပြုလုပ်ခဲ့ပြီး ဥပဒေပြုရေး၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အသုံးစရိတ်များ စိစစ်ခွင့်ပြုရေး၊ တိုင်ကြားစာများနှင့်ပတ်သက်၍ စိစစ်ဖြေရှင်းရေးနှင့် ကော်မတီရဲ့ လုပ်ငန်းကိစ္စများကို ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါတယ်။

ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ နိုင်ငံခြားအဖွဲ့အစည်းများနှင့် ၂၀၁၃ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်တွေ့ဆုံပြီး ပြောင်းလဲကျင့်သုံးနေသည့် စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်သော ဥပဒေပြုရေး ကိစ္စရပ်များ၊ နိုင်ငံတကာရှေ့နေများနှင့်ပေါင်းစပ်၍ သက်သာချောင်ချိရေးနှင့် အတွေ့အကြုံဖလှယ်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြပါတယ်။

ဒါ့အပြင် အတွင်းရေးမှူး ဦးမြင့်ထွန်း ဦးဆောင်ပြီး အဖွဲ့ဝင် ငါးဦးပါဝင်သော လေ့လာမေးမြန်းမှုအဖွဲ့ဟာ ၂၄-၈-၂၀၁၃ ရက်နေ့မှ ၂၅-၈-၂၀၁၃ ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီးသို့လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို ဦးဆောင်ပြီး အဖွဲ့ဝင်ခြောက်ဦးပါဝင်တဲ့အဖွဲ့ဟာ ၂-၁၁-၂၀၁၄ ရက်နေ့မှ ၅-၁၁-၂၀၁၄ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီးသို့လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို ဦးဆောင်ပြီး အဖွဲ့ဝင် ခြောက်ဦးပါဝင်သောအဖွဲ့ဟာ ၁၅-၁၂-၂၀၁၄ ရက်နေ့မှ ၁၉-၁၂-၂၀၁၄ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီးသို့လည်းကောင်း၊ ကော်မတီ အတွင်းရေးမှူး ဦးမြင့်ထွန်း ဦးဆောင်ပြီး အဖွဲ့ဝင် ငါးဦးပါဝင်သောအဖွဲ့ဟာ ၁၂-၆-၂၀၁၅ ရက်နေ့မှ ၁၄-၆-၂၀၁၅ ရက်နေ့ထိ ရန်ကုန်တိုင်းဒေသကြီးသို့ ကွင်းဆင်း၍ အမှုနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များအား တွေ့ဆုံကာလေ့လာမှုများ ပြုလုပ်နိုင်ခဲ့ပါတယ်။ တရားစီရင်ရေးအဆင့်ဆင့်တွင် စစ်ဆေးဆဲဖြစ်ခြင်း၊ အချို့မကျေနပ်သောအမှုများမှာ အယူခံဝင်ခွင့်ရှိနေခြင်း၊ အချို့မှာ ပုဂ္ဂိုလ်ရေးလွန်ကဲစွာ

သုံးသပ်ထားခြင်း၊ တင်ပြချက်များရှေ့နောက်ညီညွတ်မှုမရှိခြင်း၊ မခိုင်လုံသောအမှုများကို ချန်လှပ်၍ လျှောက်ထားသူများဘက်မှ နစ်နာမှုအမှန်ရှိသည်ဟု သံသယဖြစ်ဖွယ်ရှိသောအမှုခင်းများကို ၁၅ ဦး ကော်မတီသို့ တင်ပြနိုင်ခဲ့ပါတယ်။ ကော်မတီကစိစစ်၍ သက်ဆိုင်ရာတရားလွှတ်တော်ချုပ်နှင့် ဒေသဆိုင်ရာ တရားရုံးအဆင့်ဆင့်သို့ တိုင်စာပါအချက်အလက်များအား ပြန်လည်စိစစ်၍ ယင်းတို့ရဲ့ ဆောင်ရွက်မှုများကို ပြန်ကြားပေးပါရန် မေတ္တာရပ်ခံခဲ့ပါတယ်။ အဆိုပါမှုခင်းများကို သက်ဆိုင်ရာတရားရုံးအဆင့်ဆင့်မှ ပြန်ကြားစာများကို ပြန်လည်ရရှိတဲ့အခါ တိုင်ကြားစာ အားလုံးနီးပါးဟာ ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ယေဘုယျပြန်ကြားလာတာကို တွေ့ရှိရတဲ့အတွက် ကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်ရန် အခက်အခဲကြုံတွေ့ခဲ့ရပါတယ်။

ကော်မတီအနေနဲ့ ၁-၇-၂၀၁၂ ရက်နေ့မှ ၁၈-၁၁-၂၀၁၅ ရက်နေ့ထိ ဒေသအသီးသီးမှ ရောက်ရှိလာသော တိုင်စာအမှုတွဲစုစုပေါင်း ၁၂၃၆၀ အနက် လွှဲပြောင်းပေးပို့သော အမှုတွဲ ၁၄၈၅ တွဲကို သက်ဆိုင်ရာတရားလွှတ်တော်များနှင့် ဌာနအသီးသီးသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ရာ ပြည်နယ်/တိုင်းဒေသကြီး တရားလွှတ်တော်အသီးသီးရဲ့ ပြန်ကြားစာစုစုပေါင်း ၁၀၇၁ စောင်ကို လက်ခံရရှိခဲ့ပြီး၊ သက်ဆိုင်ရာများမှ ပြန်ကြားရန်ကျန်တဲ့ လွှဲပြောင်းစာများကိုကော်မတီသို့ အမြန်ဆုံး ပြန်ကြားနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဓိကတိုင်ကြားစာများမှာ တရားရုံးအဆင့်ဆင့်ရှိ ဆောင်ရွက်ချက်များအပေါ် မကျေနပ်သဖြင့် တိုင်ကြားလာသောစာများက ပိုမို၍များပြားလာတာကို စစ်ဆေးတွေ့ရှိရပါတယ်။

ကော်မတီဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးတို့ရဲ့ ဘတ်ဂျက်များကိုစိစစ်နိုင်ရန် သက်ဆိုင်ရာရုံးဌာနများရဲ့ တာဝန်ပေးသူများနှင့် ညှိနှိုင်းစိစစ်၍ ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်ခဲ့ပါတယ်။

အစီရင်ခံတဲ့ကာလအတွင်း တရားစီရင်ရေးအပေါ်တွင် တိုင်ကြားသူများနှင့်အတူ ဝေဖန်မှုများ ပိုမိုပေါ်ထွက်လာတဲ့အတွက် ပြည်သူများထံမှ အကြံဉာဏ်ကောင်းများရရှိရန်ရည်ရွယ်၍ အတွေ့အကြုံများပြားသော ဥပဒေပညာရှင်များ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီမှ တာဝန်ရှိသူများနှင့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမမှာ တွေ့ဆုံပြီး တရားစီရင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြတယ်။

ကော်မတီဟာ ပြည်သူများ၊ ရှေ့နေများနှင့် ဥပဒေပညာရှင်များလိုလားနေသော စာချွန်တော် လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းကိုပြုစု၍ ပြည်သူ့လွှတ်တော်သို့ တင်သွင်းနိုင်ခဲ့ပါတယ်။ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လိုအပ်သောအကြံဉာဏ်များ ရယူနိုင်ရန် သတင်းနှင့် မီဒီယာများမှတဆင့် ကြေညာ၍ အကြံဉာဏ်များရယူနိုင်ခဲ့ပါသည်။ ယခုအခါ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၁၄-၁၀-၂၀၁၃ ရက်နေ့တွင် အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

ယခုအခါပြည်သူများအတွင်း ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၈ အပေါ် များစွာ မကျေမနပ်ဖြစ်လျက်ရှိပါသည်။ အဆိုပါ ဥပဒေနှင့်စပ်လျဉ်း၍ ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုနိုင်ရန် ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့ရာ ပြည်သူ့လွှတ်တော် နှင့် ပြည်ထောင်စုလွှတ်တော်တို့က လက်ခံဆွေးနွေးအတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။

နိုင်ငံတော်သည် ပိုမိုတိုးတက်လာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ယာဉ်ဟောင်းများဖျက်သိမ်း၍ အသစ်အသစ်သောယာဉ်အမျိုးမျိုး သွားလာနေခြင်း၊ အထူးသဖြင့် နယ်မြို့များတွင် ယခင်က စက်ဘီးနေရာတွင် မော်တော်ဆိုင်ကယ်များသွားလာလျက်ရှိရာ မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်ပေါ်လျက်ရှိ၍ ထိခိုက်ဒဏ်ရာရမှုများ၊ သေဆုံးမှုများ ကျယ်ပြန့်လာပါတယ်။ ယင်းသို့သောပေါ့ဆမှုကြောင့် ဖြစ်ပေါ်သောမှုခင်းများတွင် ထိခိုက်ဒဏ်ရာရသူများအား အချိန်မီ လိုအပ်သော ကုသမှုပေးနိုင်ရန် လိုအပ်လျက်ရှိပါတယ်။ အချိန်မီ ထိခိုက်ဒဏ်ရာရရှိသူများအား အကူ အညီပေးနိုင်ရန် ထိခိုက်ဒဏ်ရာရရှိသူလူနာများအား ကူညီစောင့်ရှောက်ရေးဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်သို့ တင်သွင်းခဲ့ရာ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့တွင် လက်ခံဆွေးနွေး အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

**လက်ရှိတရားစီရင်ရေးအခြေအနေ**

တရားစီရင်ရေးအပိုင်းတွင် အဂတိတရားများ လွှမ်းခြုံလျက်ပင်ရှိနေသည်ကို တွေ့ရှိရပါသည်။ တရားသူကြီးအဆင့်ဆင့်သည် အထက်တရားသူကြီးအဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရာတွင် အပေးအယူကိစ္စများတွင် ကွင်းဆက်များရှိနေတာကို တွေ့ရှိရပါတယ်။ အလားတူပင် ဥပဒေဝန်ထမ်း အဆင့်ဆင့်၌လည်း ကြီးကြပ်သူအဆင့်ဆင့်ဝန်ထမ်းများသည် ယေဘုယျအားဖြင့် ကွင်းဆက်ရှိနေပြီး နားလည်မှုဖြင့် ဆောင်ရွက်လျက်ရှိနေတာကို တွေ့နေကြရပါတယ်။ အများအားဖြင့် ပြစ်မှုများတွင် အဆိုပါ အခြေအနေများ တွေ့ရှိနေရပါတယ်။

နိုင်ငံတော်အကြီးအကဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်သော အခွင့်အရေးများအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးချုပ်များ

၏ ထောက်ခံချက်အသီးသီးဖြင့် တာဝန်ထမ်းဆောင်ခွင့်ရခဲ့ကြသော တရားသူကြီးများသည် တရားသူကြီးချုပ်များ၏ လွှမ်းမိုးမှုမှ ကင်းလွတ်နိုင်မည်မဟုတ်သည်ကို သုံးသပ်တွေ့ရှိရပါတယ်။

နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နှင့် တာဝန်သိမီဒီယာများ၏ ထောက်ပြဝေဖန်မှုကြောင့် တရားစီရင်ရေးလောက ပိုမိုသန့်ရှင်းလာရမည်ဖြစ်သော်လည်း တိုးတက်မှုနှုန်းမှာ များစွာ နှေးကွေးလျက်ရှိနေတာကို တွေ့နေရပါတယ်။

တရားစီရင်ရေးဆိုရာတွင် တရားသူကြီးများပါမက တရားရေးဝန်ထမ်းများ၊ ရှေ့နေရှေ့ရပ်များ၊ ဥပဒေဝန်ထမ်းများ၊ တရားစွဲအဖွဲ့အစည်းများ၊ ဝန်ထမ်းအကြီးအမှူးဖြစ်သော ညွှန်ကြားရေးမှူးချုပ်အဆင့် တာဝန်ထမ်းဆောင်သူများမှအစ ဆင့်စာလုလင်အထိ ပါဝင်ဆက်စပ်လျက်ရှိရာ ၎င်းတို့အားလုံး၏ အဂတိလိုက်စားမှုကို ထင်သာမြင်သာအောင် ဖော်ထုတ်နိုင်ရန်မှာ လွယ်ကူသောကိစ္စမဟုတ်ပါ။ သို့ရာတွင် တရားစီရင်မှုအပေါ် မကျေနပ်၍ တိုင်တန်းလာသောတိုင်စာများတွင် အောက်ပါဖြစ်ရပ်များနှင့် သာဓကအချို့ကို စိစစ်တွေ့ရှိရပါတယ်-

(က) တရားမမှုတစ်ခုတွင် တရားလိုက တရားပြိုင်ထံမှ ငွေကျပ် ၄၀၀၀၀၀ိ/- ရလိုမှုဖြင့် တရားစွဲခဲ့ရာ မြို့နယ်တရားသူကြီးက တရားပြိုင်အား ၃၅၀၀၀၀ိ/- ကို တစ်လလျှင် ၇၀၀၀၀ိ/- ပေးရန် အမိန့်ချခဲ့ပါသည်။ တရားပြိုင်က ပေးရသည့်ငွေမှာ ရှေ့နေကြီးအတွက် လှ္ဘက်ရည်ဘိုးပေးရငွေ၊ ရှေ့နေလမ်းညွှန်ချက်အရ တရားသူကြီးကို အမှုအနိုင်ရရန်ပေးရငွေ၊ အမှုလိုက်ခအဖြစ် ရှေ့နေခပေးရငွေ၊ တံဆိပ်ခေါင်းဖိုးပေးရငွေ၊ စာပို့လုလင်အားပေးရငွေ စုစုပေါင်း ၃၀၁၀၀၀ိ/- ကုန်ကျခဲ့ကြောင်း၊ ငွေပေးငွေယူကို တရားရုံးဝင်းအတွင်း၌ပင် ဆောင်ရွက်နေကြောင်းနှင့် ရုံးချိန်း (၂၁)ကြိမ် သွားရောက်ခဲ့ရကြောင်း စိစစ်တွေ့ရှိခဲ့ရပါတယ်။

( ခ ) ခရိုင်တရားသူကြီးတစ်ဦးသည် အမှုတွဲရဲ့ နေ့စဉ်မှတ်တမ်းကို မိမိနိုင်လိုတဲ့ဘက်က အသာရရှိရေးအတွက် ပထမတစ်မျိုး မှတ်တမ်းတင်ပြီး အမှုစစ်ဆေးဆဲမှာပင် ပထမမှတ်တမ်းကိုပြင်၍ နောက်တစ်မျိုး မှတ်တမ်းတင်သည်။ သက်သေခံတင်သွင်းတဲ့ အထောက်အထားများကို ဘက်လိုက်၍ လက်ခံသည်။ သက်သေခံဥပဒေကို ကျင့်သုံးမှုလွန်စွာအားနည်းနေကြောင်း တွေ့ရှိရပါတယ်။

( ဂ) မြေပါမစ်ရှိသူတစ်ဦးက အခြားဝယ်သူနှစ်ဦးထံသို့ လိမ်လည်၍ ထပ်မံရောင်းချကြောင်းပေါ်လွင်ပါလျက် ပထမဝယ်သူနှင့် ဒုတိယဝယ်သူကို ပြစ်မှုကြောင်းအရ အပြန်အလှန် လိမ်လည်မှုများဖြင့် အမှုလက်ခံစစ်ဆေးခြင်း၊ ပြစ်မှုကြောင်း၊ တရားမ

ကြောင်းများဖြင့် အထပ်ထပ်အဆင့်ဆင့် စွဲဆိုကြရာတွင် ရုံးအဆင့်ဆင့်က ကွဲပြားသောအမိန့်နှင့်ဒီကရီချမှတ်ခဲ့ခြင်းများ တွေ့ရှိရပါသည်။

(ဆ) တရားရုံးတွင် သက်သေခံစာရွက်စာတမ်းအဖြစ် လက်ခံရာတွင် မှတ်ပုံတင်ရုံး၏ တရားဝင်အထောက်အထားများကို မျက်ကွယ်ပြုပြီး နိုင်ငံခြားတွင်နေထိုင်သော အမှုသည်က ကိုယ်တိုင်မလာရောက်ဘဲ တင်သွင်းထားသည့် အထောက်အထားများကို တရားရုံးက လက်ခံ၍ အမှုကို ဘက်လိုက်ဆုံးဖြတ်ခြင်းများကိုလည်း တွေ့ရှိရပါတယ်။

ဆက်လက်ပြီးကော်မတီရဲ့ သုံးသပ်ချက်ကို တင်ပြပါမယ်။

**သုံးသပ်ချက်**

တရားမမှုများတွင် အသေးအဖွဲငွေကြေးကအစ ငွေကျပ်သိန်း ၁၀၀ အထက် ငွေချေးမှုများနှင့် ဟန်ဆောင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုသည့် အမှုများကို အများဆုံးတွေ့ရှိရပါတယ်။ ယခုအခါ မြန်မာနိုင်ငံအနှံ့အပြားတွင် မြေဈေးအဆမတန် မြင့်မားလျက်ရှိရာ ယခင်က သိန်းဂဏန်းမရှိသော်လည်း ကာလပေါက်ဈေး သိန်းထောင်ကျော်လာတဲ့အတွက် ပိုင်ဆိုင်မှု၊ အငြင်းပွားမှုများ၊ မတရားဖယ်ရှားမှုများ၊ စာချုပ်အတုပြုလုပ်မှုများ များပြားလာလျက်ရှိရာ အဆိုပါအမှုများတွင် မှတ်ပုံတင်ရုံးများ၏ မသမာမှုများ၊ အဂတိလိုက်စားမှုများရှိနေကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

လိုင်စင်မဲ့ငွေတိုးချေးစားသူများနှင့်စပ်လျဉ်း၍ လွှတ်တော်အသီးသီးတွင် တရားရုံးများ၏ မသမာမှုများကို တင်ပြခဲ့သော်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ ဖြေကြားချက်များမှာ တရားစီရင်ရေးမူနှင့် ကိုက်ညီမှုမရှိကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ အလားတူ တရားရုံးများရဲ့ မသမာမှုများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် သုံးဦးက တင်ပြခဲ့ပါတယ်။ တရားရုံးများ၏ ဆောင်ရွက်ချက်များအပေါ် သံသယဖြစ်ဖွယ်ရာ အဆုံးအဖြတ်များကို နေရာတိုင်းလိုလိုတွင် တွေ့မြင်သိရှိရပါသဖြင့် အဆိုပါအမှုများကို စုစည်းသုံးသပ်ပြီး လိုအပ်သောအရေးယူမှုများပြုနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ယခုအခါ မိမိတို့ကော်မတီအနေဖြင့် တင်ပြတိုင်တန်းမှုများမှာ ပိုမိုပြင်ပြည့်စုံလာသည်ကို တွေ့ရပါသဖြင့် လိုအပ်သော ကြားနာမှုမျိုးဖြင့် အဂတိလိုက်စားမှုတားမြစ်ရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမှန်နစ်နာသူ ပြည်သူများကလည်း နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် မိမိ၏ကိုယ်ကျိုးမဖက်သော မှန်ကန်တဲ့ရပ်တည်ချက်များဖြင့် လာဘ်စားမှုများ၊ မသမာမှုများ၊ အဂတိလိုက်စားမှုများကို ရဲဝံ့စွာ တင်ပြကြရန် လိုအပ်မည်ဖြစ်ပါကြောင်း သုံးသပ်ရရှိပါတယ်။

**မှူကြမ်း**

တရားသူကြီးများ၏ အသက်မွေးဝမ်းကြောင်းမှုမှာ မွန်မြတ်သောအသက်မွေးဝမ်းကြောင်းမှုဖြစ်ကြောင်း၊ ကမ္ဘာကအသိအမှတ်ပြုပါတယ်။ ဥပဒေပညာကို သင်ယူရန်၊ အခြားဖွံ့ဖြိုးပြီး နိုင်ငံများတွင် ငွေကြေးများစွာကုန်ကျခြင်း၊ ဉာဏ်ရည်မြင့်မားရန် လိုအပ်ခြင်း၊ အချိန်ကာလကြာမြင့်ခြင်း၊ လက်တွေ့ လေ့လာဆည်းပူးရခြင်းများဖြင့် ဉာဏဗလကိုသာမက စာရိတ္တဗလကိုပါ လေ့ကျင့်သင်ကြားပေးလျက် ရှိပါတယ်။ ယခုအခါ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှနိုင်ငံများနှင့် ယှဉ်လျှင်ပင် ပညာရေး၊ စီးပွားရေးနိမ့်ကျလျက်ရှိရာ ဥပဒေပညာကို ပို့ချပေးတဲ့ တက္ကသိုလ်များကလည်း သင်ကြားရေးအပိုင်းတွင် အဆင့်မြှင့်တင်ပေးရန်လိုအပ်နေပါတယ်။ ဆေးပညာ၊ အင်ဂျင်နီယာဘာသာအပြင် ယခုအခါ နိုင်ငံခြားဘာသာများ သင်ကြားခွင့်ရရန်မှာ ဉာဏ်ရည်အထူးမြင့်မားရန်လိုအပ်သည်ဟု သတ်မှတ်ထားပါတယ်။ သို့ရာတွင် ဥပဒေဘာသာသင်ကြားရန်မှာ ဉာဏ်ရည်မြင့်မားရန်မလိုဟု အဓိပ္ပါယ်ဆောင်နေပါသည်။ ကမ္ဘာတွင် ဥပဒေပညာတတ်ရန် ဉာဏ်ရည်အမြင့်မားဆုံး လိုအပ်သည်ဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ ဆန့်ကျင်ဘက်ဖြစ်နေသည်ကို တွေ့ရှိရပါတယ်။ အဝေးသင်ပညာရေးစနစ်ဖြင့်ပင် အချိန်တိုအတွင်း အလွယ်တကူ ဥပဒေဘွဲ့ရနိုင်လျက်ရှိရာ ၎င်းတို့ရဲ့ ဥပဒေပညာတတ်ကျွမ်းမှု၊ လေ့လာဆည်းပူးမှုများအပေါ် အားရဖွယ်မရှိသည်ကို လေ့လာတွေ့ရှိသုံးသပ်ရပါတယ်။

ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန် ဦးနှောက်ဆေးကြောသန့်စင်မှုနှင့် စဉ်ဆက်မပြတ်သင်ကြားခြင်းကို ပြုလုပ်ကြရန် လိုအပ်ပါတယ်။ ထိုသို့မဟုတ်ဘဲ ဥပဒေပညာကို မျက်ကွယ်ပြုပြီး အမှုသည်အနိုင်အရှုံးကိုသာ စိတ်ဝင်စားပြီး အမှုပွဲစားများ လုပ်နေမည်ဆိုပါက တရားစီရင်ရေးကဏ္ဍမှာပို၍သာ ဆိုးဝါးသွားနိုင်ပြီး တရားဥပဒေစိုးမိုးရေးဆိုသည်မှာလည်း ဝေးကွာနေမှာဖြစ်သည်ကို သတိထား ဆင်ခြင်သင့်လှပါတယ်။

ယနေ့တရားရုံး တရားလွှတ်တော်အဆင့်ဆင့်တွင် ရောက်ရှိစီရင်နေကြသော တရားမမှုအများစုသည် နှစ်ကာလ ၅ နှစ်၊ ၁၀ နှစ်၊ ၁၅ နှစ်မက ကြာမြင့်နေကြောင်း တွေ့ရှိရပါတယ်။ ချမှတ်လိုက်သော စီရင်ချက်များသည် အမှန်တရားနှင့် ဆန့်ကျင်နေသောကြောင့် အယူခံမှု၊ အထူးအယူခံလွှာတင်သွင်းမှု၊ စာချွန်တော်တင်သွင်းမှု အဆင့်ဆင့်ကြောင့် ကြာမြင့်နေရခြင်းလည်း ဖြစ်ပါတယ်။ အမှုပြီးဆုံးချိန်တွင် ပိုင်ဆိုင်မှုအငြင်းပွားခဲ့ကြသော မြေ၊ အဆောက်အဦစသည်တို့ကို တန်ဖိုးအားလုံးနီးပါးဟာ ကာလကြာမြင့်ခဲ့သော တရားရုံးစရိတ်အတွက် သုံးစွဲ၊ ကုန်ကျပြီးသော အခြေအနေမျိုး ကြုံတွေ့နေရပါတယ်။

နိဂုံးချုပ်အနေဖြင့် ယနေ့မြန်မာနိုင်ငံတော်တွင် တရားဥပဒေစိုးမိုးမှု လွန်စွာအားနည်းနေသောကြောင့် ပြည်သူများအနေဖြင့် လူမှုစီးပွားရေးဘဝ လုံခြုံမှုမရှိဟု ခံစားနေကြရပါတယ်။ တရားဥပဒေစိုးမိုးမှုအားကောင်းလာစေရန် လိုအပ်ချက်များစွာရှိနေရာ တရားရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်ရန်

သည် အဓိကလိုအပ်ချက်ဖြစ်ပါတယ်။ လွတ်လပ်သော၊ ဖြောင့်မတ်ကြံ့ခိုင်သော၊ တရားမျှတသော တရားရေးမဏ္ဍိုင်ဖြစ်လာမှသာ ပြည်သူကို ကာကွယ်ပေးနိုင်မှာလည်း ဖြစ်ပါတယ်။ သို့သော် ယင်းအခြေအနေမျိုးရရှိရန်အတွက် တရားရုံး၊ တရားလွှတ်တော်အဆင့်ဆင့်ကို ဒီမိုကရေစီကျင့်စဉ်နှင့် အညီ ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ပါကြောင်း အစီရင်ခံစာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့်ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၏ အစီရင်ခံစာ အစီရင်ခံစာအမှတ်စဉ် (၁/၂၀၁၅)**

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(ဂ)နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ပုဒ်မ ၂၇ တို့နှင့်အညီ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ကော်မတီကို ပါတီစုံမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ကော်မတီစတင်ဖွဲ့စည်းသည့်အချိန်မှစ၍ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ထိ ကော်မတီ၏ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်များကို ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာအမှတ်(၁/၂၀၁၂)ဖြင့် တင်ပြခဲ့ပြီးဖြစ်ပါသည်။

၃။ ဤကော်မတီကို မူလတရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီမှ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီအဖြစ် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှစတင်၍ ပြည်သူ့လွှတ်တော် အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၄။ ကော်မတီသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှပေးပို့သော တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ကော်မတီ၏ ဆောင်ရွက်မှုနှင့် သုံးသပ်ချက်၊ အကြံပြုချက်များကို ယခုကျင်းပနေသော (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးတွင်

ဒုတိယအကြိမ် အစီရင်ခံစာအမှတ်စဉ်(၁/၂၀၁၅)ဖြင့် မှတ်တမ်းတင်ထားရှိနိုင်ရန် တင်သွင်းအစီရင်ခံခြင်းဖြစ်ပါသည်။

၅။ ဤကော်မတီသို့ ရောက်ရှိလာသော အမှုများတွင် တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ တိုင်ကြားစာများမှာ အရေအတွက်များပြားသည်သာမက အမှုဖြစ်စဉ်များမှာလည်း များစွာရှုပ်ထွေး၊ နက်နဲကျယ်ပြန့်လှပါသည်။ တိုင်ကြားစာပါ အမှုများတွင် မူလမှု၊ ခရိုင်တရားရုံးတွင် အယူခံမှု၊ တိုင်းတရားလွှတ်တော်တွင် အယူခံမှု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပထမအယူခံ၊ ဒုတိယ သုံးပါးထိုင် အယူခံခြင်းစသည်ဖြင့် အဆင့်ဆင့်ဖြစ်ပွားခဲ့သော အဆုံးအဖြတ်များ၊ အမိန့်များ၊ ဒီကရီများ စသည်တို့ ပါဝင်ပါသည်။

၆။ ပြည်သူ့လွှတ်တော်၏ တာဝန်များတွင် စောင့်ကြည့်လေ့လာခြင်းလုပ်ငန်း (Parliamentary Function of Oversight) တာဝန်မှာ အရေးပါသော တာဝန်ဖြစ်ပါသည်။ ယင်းတာဝန်ကို တာဝန်ရှိ လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် ပြည်ထောင်စုလွှတ်တော် နာယက က ၂၉-၇-၂၀၁၃ ရက်နေ့တွင် လမ်းညွှန်ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။ နိုင်ငံရေးစနစ်၏ ပုံသဏ္ဍာန်ကို ပြုပြင်ပြောင်းလဲ နေစဉ်အချိန်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရရှိထားသည့် စောင့်ကြည့် လေ့လာနိုင်သည့် စွမ်းရည်ကို မြှင့်တင်ရန်မှာ အစဉ်မပြတ်လက်တွေ့ကျကျ မစွမ်းဆောင်နိုင်သော်လည်း အချို့အခြေ အနေတွင် လွှတ်တော်သည် မိမိတို့၏ ကိုယ်ပိုင်နည်းဖြင့် စောင့်ကြည်လေ့လာသည့် စွမ်းရည်ကို မြှင့်တင်နိုင်မည်ဟု ယင်းစာစောင်တွင်ပါရှိရာ မိမိတို့ကော်မတီသည် တရားစီရင်ရေးတွင် ပြည်သူများ နစ်နာမှု နည်းနိုင်သမျှနည်းပါးရန် အစဉ်တစိုက် ကြိုးပမ်းခဲ့ပါသည်။

၇။ စောင့်ကြည့်လေ့လာခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်း လုပ်ငန်းစဉ်တွင် တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်ခြင်းမဖြစ်ရန် အထူးသတိထား ဆင်ခြင်သုံးသပ်ရပါသည်။ ဤအစီရင်ခံစာသည် မည်သည့်နည်းနှင့်မျှ ပြည့်စုံအောင်လွှမ်းခြုံနိုင်မည်မဟုတ်ပါ။ သို့ရာတွင် တရားစီရင်ရာတွင် အဂတိလိုက်စားမှုလျော့နည်းရန်နှင့် တရားသူကြီးအဆင့်ဆင့်က ဆင်ခြင်သင့်သည်များကို ဆင်ခြင်နိုင်ရန် အထောက်အကူဖြစ်မည်ဟု သုံးသပ်ဖော်ပြအပ်ပါသည်။

**ကော်မတီ၏တာဝန်များ**

၈။ ကော်မတီ၏ တာဝန်များသည် -

(က) တရားစီရင်ရေးနှင့်ဥပဒေရေးရာလုပ်ငန်းများ မှန်ကန်မှု၊ တရားမျှတမှုရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

( ခ ) ဥပဒေနှင့်အညီ တရားစီရင်ရေး၊ တရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

( ဂ ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို နိုင်ငံသားတိုင်း ခံစားနိုင်ရေးအတွက် အားပေးကူညီရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းများ၏ အခွင့်အရေးများ မှန်ကန်စွာရရှိရေးအတွက် စိစစ်ကူညီဆောင်ရွက်ပေးရမည်။

( င ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

( စ ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဆ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက် ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြအစီရင်ခံရမည်စသည်တို့ ဖြစ်ပါသည်။

**ဆောင်ရွက်ချက်များ**

၉။ ဤကော်မတီက လက်ခံရရှိသော တိုင်စာများတွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိသော အမှုကိစ္စများစွာ ပါဝင်သည်ကို တွေ့ရပါသည်။ မြေယာကိစ္စများ၊ အိုးအိမ်ကိစ္စများ၊ ပြစ်မှုဆိုင်ရာမှုခင်းကိစ္စများစသည်ဖြင့် ပါဝင်လျက်ရှိရာ ကော်မတီနှင့် မသက်ဆိုင်သော ဖြစ်ရပ်များတွင် မှတ်တမ်းတင်ထားသင့်သည်များကို မှတ်တမ်းတင်ထားခြင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းအသီးသီးသို့ လွှဲပြောင်းပေးခြင်းများကို ပထမစိစစ်ခွဲခြားပေးပို့၍ တရားစီရင်ရေးနှင့် ဥပဒေရေးရာမှုခင်းများကိုသာ လေ့လာစိစစ်ခဲ့ပါသည်။ သို့ရာ

တွင် လက်ခံရရှိသောမှုခင်းများနှင့် ဤကော်မတီ၏ ဆောင်ရွက်နိုင်မှုမှာ ဝန်နှင့်အားမမျှခဲ့သည်ကို ပဏာမဝန်ခံရမည်ဖြစ်ပါသည်။

၁၀။ ကော်မတီဝင်များသည် မိမိတို့ရသမျှ အချိန်အတွင်း ဆောင်ရွက်နိုင်သမျှကို ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြပါသည်။ ကော်မတီဝင် ၁၅ ဦးအား အဖွဲ့ဝင်သုံးဦးစီပါဝင်သော အဖွဲ့ငယ် လေးဖွဲ့ခွဲ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နယ်မြေခွဲဝေသတ်မှတ်ပြီး အမှုတွဲများကို လေ့လာ စိစစ်ခဲ့ကြပါသည်။

၁၁။ ကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများကို ၂၀၁၁ ခုနှစ်တွင် (၂)ကြိမ်၊ ၂၀၁၂ ခုနှစ် တွင် (၂၃) ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် (၁၂) ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် (၂၇) ကြိမ်၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ် လအထိ (၇)ကြိမ်၊ စုစုပေါင်း (၇၁)ကြိမ် ပြုလုပ်ခဲ့ပြီး ဥပဒေပြုရေး၊ သက်ဆိုင်ရာ အဖွဲ့အစည်းများကို အသုံးစရိတ်များ စိစစ်ခွင့်ပြုရေး၊ တိုင်ကြားစာများနှင့်ပတ်သက်၍ စိစစ်ဖြေရှင်းရေးနှင့် ကော်မတီ၏ လုပ်ငန်းကိစ္စများကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြပါသည်။

၁၂။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ နိုင်ငံခြားအဖွဲ့အစည်း များနှင့် ၂၀၁၃ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်တွေ့ဆုံပြီး ပြောင်းလဲကျင့်သုံးနေသည့် စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်သော ဥပဒေပြု ရေးကိစ္စရပ်များ၊ နိုင်ငံတကာရှေ့နေများနှင့်ပေါင်းစပ်၍ သက်သာချောင်ချိရေးနှင့် အတွေ့အကြုံ ဖလှယ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

၁၃။ ၂၄ - ၈ - ၂၀၁၃ ရက်နေ့မှ ၂၅ - ၈ - ၂၀၁၃ ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီး တရား လွှတ်တော်သို့ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာ များ စိစစ်ဆောင်ရွက်ရေးကော်မတီ၏ အတွင်းရေးမှူး ဦးမြင့်ထွန်း ဦးဆောင်၍ ဦးဝင်းမြင့်(အတွင်း ရေးမှူး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ)၊ ဦးခင်မောင်ဝင်း(အဖွဲ့ဝင်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)၊ ဦးမြင့်စိုး(အဖွဲ့ဝင်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ် ဆောင်ရွက်ရေးကော်မတီ)၊ ဦးသန်းထွန်း(အဖွဲ့ဝင်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)မှ အဖွဲ့ဝင်(၅)ဦးပါဝင်သော လေ့လာမေးမြန်းမှုအဖွဲ့ သည် တရားစီရင်ရေးဆိုင်ရာ နစ်နာဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာပါ အချက်အလက်များကို စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများနှင့် တရားရုံး အဆင့်ဆင့် တာဝန်ရှိတရားသူကြီးများ၊ တိုင်ကြားသူများနှင့် သက်သေများအား တွေ့ဆုံ မေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။

**မှုကြမ်း**

၁၄။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီမှ ဥက္ကဋ္ဌ သူရဦးအောင်ကို ဦးဆောင်၍ ဦးသိန်းထွန်းဦး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)၊ ဦးခိုင်မောင်ရည်(အဖွဲ့ဝင်၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ)၊ ဦးထင်ဇော် (အဖွဲ့ဝင်၊ ဥပဒေအကြံပေး)၊ ဦးကြည်ဝင်း(အဖွဲ့ဝင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး)နှင့် ဦးမြင့်စိုး (အတွင်းရေးမှူး၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ် ဆောင်ရွက်ရေးကော်မတီ)မှ အဖွဲ့ဝင် ၆ ဦး ပါဝင်သော ကွင်းဆင်းလေ့လာရေးအဖွဲ့ ဖွဲ့စည်း၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ (၇၉)လမ်း၊ (၂၈)လမ်းနှင့် (၂၉)လမ်းကြား၊ အမှတ်(၉၆)တွင် နေထိုင်သူ ဒေါ်အုံး၏သမီး ဒေါ်ဥမ္မာသိန်း အား ၎င်းပိုင်ဆိုင်သော ချမ်းမြသာစည် မြို့နယ်၊ မ၉/ဦးပိုင်(၁၉) မြေဆုံးရှုံးမှုအတွက် တရားမျှတသည့် ဖြစ်ရပ်မှန်ပေါ်ပေါက်စေရန် ဤကော်မတီမှ စိစစ်ဆောင်ရွက်ပေးပါရန် တိုင်ကြားမှုအပေါ် ဖြစ်ရပ်မှန် ပေါ်ပေါက်ရေးအတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်မှ စီစဉ်ပေးသောနေရာတွင် အမှုနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များအား ၂-၁၁-၂၀၁၄ ရက်နေ့မှ ၅-၁၁-၂၀၁၄ ရက်နေ့ထိ ကွင်းဆင်းလေ့လာ မှုများ ပြုလုပ်ခဲ့ပါသည်။

၁၅။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် အသနားခံစာများ စိစစ်ဆောင်ရွက် ရေးကော်မတီမှ ဥက္ကဋ္ဌ သူရဦးအောင်ကို ဦးဆောင်၍ ဦးခင်မောင်ဝင်း (အဖွဲ့ဝင်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)၊ ဦးထင်ဇော် (အဖွဲ့ဝင်၊ ဥပဒေအကြံပေး)၊ ဦးစိုးဝင်း(အဖွဲ့ဝင်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)နှင့် ဦးလွင်ဦး(အတွင်းရေးမှူး၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)မှ အဖွဲ့ဝင် ခြောက်ဦးပါဝင်သော ကွင်းဆင်းလေ့လာရေးအဖွဲ့ ဖွဲ့စည်း၍ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာ ရပ်ကွက်၊ အုတ်လမ်း၊ အမှတ်(၄၆)၊ ဆင်ညီနောင်သက်န်းတိုက် ပိုင်ရှင် ဒေါ်စောမြ၏ တရားဝင် စာချုပ်စာတမ်းများဖြင့် မွေးစားထားသည့်မြေးဖြစ်သူ ဦးဝင်းနိုင်က ၎င်းပိုင်ဆိုင်ခွင့်များမရအောင်နှင့် အဖွားဒေါ်စောမြ ကွယ်လွန်ချိန်တွင် ပိုင်ရှင်မဲ့အလောင်းဖြစ်စေရန် တရားသူကြီးအချို့နှင့် တရားရေး ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သေစာရင်းဌာန၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးဌာနတို့မှ ပူးပေါင်းကာ နည်းမျိုးစုံဖြင့် အမှုမှန်မပေါ်ပေါက်ရန် ဖုံးကွယ်ထားကြောင်း အကြိမ်ကြိမ်တိုင်ကြားလာခြင်းအပေါ် ယင်းကိစ္စဖြစ်ရပ်မှန်ပေါ်ပေါက်စေရန် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှ စီစဉ်ပေးသောနေရာတွင် အမှုနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်များအား ၁၅-၁၂-၂၀၁၄ ရက်နေ့မှ ၁၉-၁၂-၂၀၁၄ ရက်နေ့ထိ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။

**မူကြမ်း**

၁၆။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံ စာများ စိစစ်ဆောင်ရွက်ရေးကော်မတီမှအတွင်းရေးမှူး ဦးမြင့်ထွန်း(ဥက္ကဋ္ဌ)အဖြစ် ဦးဆောင်၍ ဦးသန်းထွန်း (အဖွဲ့ဝင်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)၊ ဦးလွင်ဦး(အဖွဲ့ဝင်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)၊ ဦးကျော်နိုင်ဌေး(အဖွဲ့ဝင်၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)နှင့် ဦးခင်မောင်ဝင်း(အတွင်းရေးမှူး၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ)မှ အဖွဲ့ဝင်ငါးဦးပါဝင်သော ကွင်းဆင်းလေ့လာရေးအဖွဲ့ ဖွဲ့စည်း၍ ဦးကျော်သိန်း (၁၂/ပဇတ(နိုင်)၀၂၅၈၈၅)က ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင် မြို့နယ်၊ မြေတိုင်းအကွက်အမှတ် ၁၀/၁၂၊ ၅၃ လမ်း၊ ၂ ရပ်ကွက်၏ ဂရန်ကိစ္စတွင် နစ်နာမှုရှိသည့် အတွက် ဖြစ်ရပ်မှန်ပေါ်ပေါက်စေရန် ဤကော်မတီမှ စိစစ်ဆောင်ရွက်ပေးပါရန် တိုင်ကြားမှုအပေါ် ဖြစ်ရပ်မှန်ပေါ်ပေါက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ စီစဉ်ပေးသောနေရာတွင် အမှုနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များအား (၁၂.၆.၂၀၁၅)ရက်နေ့မှ (၁၄.၆.၂၀၁၅)ရက်နေ့ထိ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။

၁၇။ တရားစီရင်ရေးအဆင့်ဆင့်တွင် စစ်ဆေးဆဲဖြစ်ခြင်း၊ အချို့မကျေနပ်သော အမှုများမှာ အယူခံဝင်ခွင့်ရှိနေခြင်း၊ အချို့မှာပုဂ္ဂိုလ်ရေး လွန်ကဲစွာသုံးသပ်ထားခြင်း၊ တင်ပြချက်များ ရှေ့နောက် ညီညွတ်မှုမရှိခြင်း၊ မခိုင်လုံသောအမှုများကို ချန်လှပ်၍ လျှောက်ထားသူများဘက်မှ နစ်နာမှုအမှန်ရှိသည်ဟု သံသယဖြစ်ဖွယ်ရှိသော အမှုအခင်းများကို ၁၅ ဦးကော်မတီသို့ တင်ပြခဲ့ပါသည်။ ကော်မတီကစိစစ်၍ သက်ဆိုင်ရာတရားလွှတ်တော်ချုပ်နှင့် ဒေသဆိုင်ရာ တရားရုံးအဆင့်ဆင့်သို့ တိုင်စာပါ အချက်အလက်များအား ပြန်လည်စိစစ်၍ ယင်းတို့၏ ဆောင်ရွက်မှုကို ပြန်ကြားပေးပါရန် မေတ္တာရပ်ခံခဲ့ပါသည်။ အဆိုပါမှုခင်းများကို သက်ဆိုင်ရာ တရားရုံးအဆင့်ဆင့်မှ ပြန်ကြားစာများကို ပြန်လည်ရရှိသောအခါ တိုင်ကြားစာ အားလုံးနီးပါးသည် ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ယေဘုယျပြန်ကြားလာသည်ကို တွေ့ရှိရသဖြင့် ဤကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်ရန် အခက်အခဲကြုံတွေ့ခဲ့ရပါသည်။

၁၈။ ကော်မတီအနေဖြင့် ၁-၇-၂၀၁၂ ရက်နေ့မှ ၁၈-၁၁-၂၀၁၅ ရက်နေ့ထိ ဒေသအသီးသီးမှ ရောက်ရှိလာသော တိုင်စာအမှုတွဲစုစုပေါင်း(၁၂၃၆၀)အနက် လွှဲပြောင်းပေးပို့သော အမှုတွဲ ၁၄၈၅ တွဲကို သက်ဆိုင်ရာတရားလွှတ်တော်များနှင့် ဌာနအသီးသီးသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ရာ ပြည်နယ်/တိုင်းဒေသကြီး တရားလွှတ်တော်အသီးသီး၏ ပြန်ကြားစာစုစုပေါင်း(၁၀၇၁)စောင် လက်ခံရရှိခဲ့ပြီး၊ သက်ဆိုင်ရာများမှ ပြန်ကြားရန်ကျန်ရှိသော လွှဲပြောင်းစာများကိုကော်မတီသို့ အမြန်ပြန်ကြားနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဓိကတိုင်ကြားစာများမှာ တရားရုံးအဆင့်ဆင့်

ရှိ ဆောင်ရွက်ချက်များအပေါ် မကျေနပ်သဖြင့် တိုင်ကြားသောစာများက ပိုမိုများပြားလာသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၁၉။ ဤကော်မတီသို့ မန္တလေးတိုင်းဒေသကြီးရှိ မြေယာနစ်နာသူများက (၁၃.၂.၂၀၁၅)ရက်နေ့တွင် တိုင်ကြားစာ(၅)စောင် ပေးပို့တိုင်ကြားခဲ့ပါသည်။ ၎င်းမြေယာကိစ္စများနှင့်ပတ်သက်၍ ကော်မတီမှ စိစစ်တွေ့ရှိချက်အရလည်းကောင်း၊ ယခင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ ဒေါ်အုံး မိသားစုနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာညှိနှိုင်း ဆောင်ရွက်မှုများအရလည်းကောင်း မန္တလေးတိုင်း တရားလွှတ်တော်၊ မန္တလေးခရိုင်တရားရုံး၊ မြေစာရင်းဌာန၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးနှင့် မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဌာနဆိုင်ရာ အချို့သော ပုဂ္ဂိုလ်များ ပူးပေါင်းပါဝင် ပတ်သက်နေသည်ကို စိစစ်တွေ့ရှိခဲ့ပါသည်။ ဤကော်မတီအနေဖြင့် ၎င်းအမှုကိစ္စများကို ယခု ပထမအကြိမ်၊ လွှတ်တော်သက်တမ်းအတွင်း ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေမရှိသောကြောင့် မှတ်တမ်းတင်ထားရှိနိုင်ရန် အထူးအစီရင်ခံစာ တင်သွင်းခဲ့ပါသည်။

၂၀။ ဤကော်မတီသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးတို့၏ ဘတ်ဂျက်ကိုစိစစ်နိုင်ရန် သက်ဆိုင်ရာရုံးဌာနများ၏ တာဝန်ပေးသူများနှင့် ညှိနှိုင်းစိစစ်၍ ပြည်သူ့ လွှတ်တော်၌ တင်ပြခဲ့ပါသည်။

၂၁။ အစီရင်ခံသောကာလအတွင်း တရားစီရင်ရေးအပေါ်တွင် တိုင်ကြားမှုများနှင့်အတူ ဝေဖန်မှု များ ပိုမိုထွက်ပေါ်လာသဖြင့် ပြည်သူတို့ထံမှ အကြံဉာဏ်ကောင်းများရရှိရန် ရည်ရွယ်၍ အတွေ့ အကြုံများပြားသော ဥပဒေပညာရှင်များ၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီမှ တာဝန်ရှိသူ များနှင့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ တရားစီရင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

၂၂။ ဤကော်မတီသည် ပြည်သူများ၊ ရှေ့နေများနှင့် ဥပဒေပညာရှင်များလိုလားနေသော စာချွန် တော်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းကိုပြုစု၍ ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လိုအပ်သောအကြံဉာဏ်များ ရယူနိုင်ရန် သတင်းနှင့်မီဒီယာများမှတဆင့် ကြေညာ၍ အကြံဉာဏ်များရယူနိုင်ခဲ့ပါသည်။ ယခုအခါ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က (၁၄.၁၀.၂၀၁၃)ရက်နေ့တွင် အတည်ပြုခဲ့ပြီးဖြစ်ပါသည်။

**မူကြမ်း**

၂၃။ ယခုအခါပြည်သူများအတွင်း ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဥပဒေပုဒ်မ(၁၈)အပေါ်များစွာ မကျေမနပ်ဖြစ်လျက်ရှိပါသည်။ အဆိုပါ ဥပဒေနှင့်စပ်လျဉ်း၍ ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ဆွေးနွေးအတည်ပြုနိုင်ရန် ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့ရာ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့က လက်ခံဆွေးနွေးအတည်ပြုခဲ့ပါသည်။

၂၄။ နိုင်ငံတော်သည် ပိုမိုတိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ယာဉ်ဟောင်းများဖျက်သိမ်း၍ အသစ်အသစ်သောယာဉ်အမျိုးမျိုး သွားလာနေခြင်း၊ အထူးသဖြင့် နယ်မြို့များတွင် ယခင်စက်ဘီးနေရာတွင် မော်တော်ဆိုင်ကယ်များဖြင့် သွားလာလျက်ရှိရာ မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်ပေါ်လျက်ရှိ၍ ထိခိုက်ဒဏ်ရာရမှုများ၊ သေဆုံးမှုများ ကျယ်ပြန့်လာပါသည်။ ယင်းသို့သောပေါ့ဆမှုကြောင့် ဖြစ်ပေါ်သောမှုခင်းများတွင် ထိခိုက်ဒဏ်ရာရသူများအား အချိန်မီလိုအပ်သော ကုသမှုပေးရန် လိုအပ်လျက်ရှိပါသည်။ အလားတူပင် မိုးများ၍ရေကြီးခြင်း၊ ပေါ့ဆမှုကြောင့် မီးလောင်ခြင်းစသော သဘာဝဘေးအန္တရာယ်များလည်း များပြားလာသဖြင့် အချိန်မီ ထိခိုက်ဒဏ်ရာရသူများအား အကူအညီပေးနိုင်ရန် ထိခိုက်ဒဏ်ရာရရှိသူလူနာများအား ကူညီစောင့်ရှောက်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့ရာ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့တွင် လက်ခံဆွေးနွေးအတည်ပြုပြီးဖြစ်ပါသည်။

၂၅။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဝင် ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ H.E Mr Kangheng အဖွဲ့သည် ၂၈.၁၁.၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံးသို့ လာရောက်ခဲ့ပါသည်။ H.E Mr Kangheng နှင့် အဖွဲ့အား ဤကော်မတီက ကြိုဆိုလက်ခံခဲ့ပြီး နှစ်နိုင်ငံတရားစီရင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။ နေ့လည်ပိုင်းတွင် နေ့လည်စာနှင့်ဧည့်ခံခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား ဧည့်သည်တော်အဖွဲ့မှ တွေ့ဆုံဂါရဝပြု၍ နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

၂၆။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားများ ပြည်သူ့ကွန်ဂရက်ဥပဒေရေးရာကော်မတီက တရုတ်မြန်မာနှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ပါသည်။

၂၇။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားများ ပြည်သူ့ကွန်ဂရက်ဥပဒေရေးရာကော်မတီက တရုတ်မြန်မာနှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ရည်ရွယ်၍ ဤကော်မတီကို ဖိတ်ကြားခဲ့ပါသည်။ ဤကော်မတီ၏ အတွင်းရေးမှူး ဦးဆောင်သော အဖွဲ့ဝင်(၇)ဦး ပါဝင်သောအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွား

ရောက်ခဲ့ပြီး တရုတ်ပြည်လုံးဆိုင်ရာ ပြည်လုံးကျွတ်ညီလာခံဆိုင်ရာ ဥပဒေကော်မတီတာဝန်ခံ H.E Mr. Qiao Xiaoyang နှင့် တာဝန်ရှိသူများ၊ SHANNXI ပြည်နယ် အမြဲတမ်းကော်မတီ၏ ဥပဒေရေးရာ တာဝန်ခံ Mr.Zhang Maieg နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ခေတ်မီတိုးတက်သော ပညာရေး နှင့်နည်းပညာများ၊ ဥပဒေရေးရာကိစ္စများကို ဆွေးနွေးခဲ့ကြပါသည်။

**လက်ရှိတရားစီရင်ရေးအခြေအနေ**

၂၈။ တရားစီရင်ရေးအပိုင်းတွင် အဂတိတရားများ လွှမ်းခြုံလျက်ပင်ရှိနေသည်ကို တွေ့ရှိရပါသည်။ တရားသူကြီးအဆင့်ဆင့်သည် အထက်တရားသူကြီးအဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရာတွင် အပေးအယူကိစ္စများတွင် ကွင်းဆက်များရှိသည်ကို တွေ့ရပါသည်။ အလားတူပင် ဥပဒေဝန်ထမ်း အဆင့်ဆင့်၌လည်း ကြီးကြပ်သူအဆင့်ဆင့်ဝန်ထမ်းများသည် ယေဘုယျအားဖြင့် ကွင်းဆက်ရှိနေပြီး နားလည်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အများအားဖြင့် ပြစ်မှုများတွင် အဆိုပါအခြေအနေများ တွေ့ရှိရပါသည်။

၂၉။ နိုင်ငံတော်အကြီးအကဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်သော အခွင့်အရေးများအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးချုပ်များ ၏ ထောက်ခံချက်အသီးသီးဖြင့် တာဝန်ထမ်းဆောင်ခွင့်ရကြသော တရားသူကြီးများသည် တရား သူကြီးချုပ်များ၏ လွှမ်းမိုးမှုမှ လွတ်ကင်းနိုင်မည်မဟုတ်သည်ကို သုံးသပ်တွေ့ရှိ ရပါသည်။

၃၀။ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နှင့် တာဝန်သိမီဒီယာများ၏ ထောက်ပြဝေဖန်မှုကြောင့် တရားစီရင်ရေးလောက ပိုမိုသန့်ရှင်းလာရမည်ဖြစ်သော်လည်း တိုးတက်မှုနှုန်းမှာ များစွာနှေးကွေး လျက်ပင်ရှိပါသည်။

၃၁။ တရားစီရင်ရေးဆိုရာတွင် တရားသူကြီးများနှင့်သာ လုံးဝသက်ဆိုင်သည်မဟုတ်ပဲ ဥပဒေ အရာရှိများ၊ ရှေ့နေရှေ့ရပ်များ၊ တရားစွဲအဖွဲ့အစည်းများ၊ တရားရုံးဝန်ထမ်းများနှင့် ဆင့်စာလုလင် အထိ ပါဝင်ပတ်သက်လျက်ရှိရာ ၎င်းတို့၏ အဂတိတရားကင်းရှင်းမှု အထူးလိုအပ်နေကြောင်း သုံးသပ် တွေ့ရှိရပါသည်။

၃၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်ကို ခန့်အပ်ခြင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ညှိနှိုင်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရား သူကြီးများခန့်အပ်ခြင်း လုပ်ပိုင်ခွင့်ကို ပြဋ္ဌာန်းပေးထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ် ထားသော အာဏာအရခန့်အပ်၍ တရားရုံးများ၏ လွတ်လပ်ခွင့်ကို အသိအမှတ်ပြုသည်ဟုဆိုသော်

လည်း အထက်ပါ ပြဋ္ဌာန်းချက်ကြောင့် ဘက်လိုက်သည့် သွင်ပြင်ဖြစ်ပေါ်စေပြီး အုပ်ချုပ်မှုအပိုင်းက တရားစီရင်ရေး လွတ်လပ်ခွင့်ကို လွှမ်းမိုးနေကြောင်း တွေ့ရှိရပါသည်။

၃၃။ ယခုအခါ ဒီမိုကရေစီနိုင်ငံအချို့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်နှင့် တရားသူကြီးများကို လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော ရွေးချယ်ခန့်အပ်ရေးကော်မတီ ဖွဲ့စည်း၍ ခန့်အပ်စေလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၃၄။ တရားစီရင်ရေးဆိုရာတွင် တရားသူကြီးများသာမက တရားရေးဝန်ထမ်းများ၊ ရှေ့နေရှေ့ရပ်များ၊ ဥပဒေဝန်ထမ်းများ၊ တရားစွဲအဖွဲ့အစည်းများ၊ ဝန်ထမ်းအကြီးအမှူးဖြစ်သော ညွှန်ကြားရေးမှူးချုပ်အဆင့် တာဝန်ထမ်းဆောင်သူများမှအစ ဆင့်စာလုလင်အထိ ပါဝင်ဆက်စပ်လျက်ရှိရာ ၎င်းတို့အားလုံး၏ အဂတိလိုက်စားမှုကို ထင်သာမြင်သာအောင် ဖော်ထုတ်နိုင်ရန်မှာ လွယ်ကူသော ကိစ္စမဟုတ်ပါ။ သို့ရာတွင် တရားစီရင်မှုအပေါ် မကျေနပ်၍ တိုင်တန်းလာသော တိုင်ကြားစာများတွင် အောက်ပါဖြစ်ရပ်နှင့် သာဓကအချို့ကို စိစစ်တွေ့ရှိရပါသည် -

(က) တရားမမှုတစ်ခုတွင် တရားလိုက တရားပြိုင်ထံမှ ငွေ ၄၀၀၀၀ဝိ/- ရလိုမှုဖြင့် တရားစွဲခဲ့ရာတွင် မြို့နယ်တရားသူကြီးက တရားပြိုင်အား ၃၅၀၀၀ဝိ/- ကို တစ်လလျှင် ၇၀၀၀ဝိ/- ပေးရန် အမိန့်ချခဲ့ပါသည်။ တရားပြိုင်က ပေးရသည့် ငွေများမှာ ရှေ့နေကြီးအတွက် လှူ့ကူရည်ဘိုး ပေးရငွေ၊ ရှေ့နေလမ်းညွှန်ချက်အရ တရားသူကြီးကို အမှုအနိုင်ရရန်ပေးရငွေ၊ အမှုလိုက်ခအဖြစ် ရှေ့နေခ ပေးရငွေ၊ တံဆိပ်ခေါင်းဘိုးပေးရငွေ၊ စာပို့လုလင်အားပေးရငွေ စုစုပေါင်း ၃၀၁၀၀ဝိ/- ကုန်ကျခဲ့ကြောင်း၊ ငွေပေးငွေယူကို တရားရုံးဝင်းအတွင်း၌ပင် ဆောင်ရွက်နေကြောင်းနှင့် ရုံးချိန်း(၂၁)ကြိမ် သွားရောက်ခဲ့ရကြောင်း စိစစ်တွေ့ရှိရပါသည်။

( ခ ) ခရိုင်တရားသူကြီးတစ်ဦးသည် အမှုတွဲ၏ နေ့စဉ်မှတ်တမ်းကို မိမိနိုင်လိုသည့်ဘက် က အသာရရှိရေးအတွက် ပထမတစ်မျိုး မှတ်တမ်းတင်ပြီး အမှုစစ်ဆေးဆဲမှာပင် ပထမမှတ်တမ်းကိုပြင်၍ နောက်တစ်မျိုး မှတ်တမ်းတင်သည်။ သက်သေခံတင်သွင်းသည့် အထောက်အထားများကို ဘက်လိုက်၍ လက်ခံသည်။ သက်သေခံဥပဒေကို ကျင့်သုံးမှု လွန်စွာအားနည်းနေကြောင်း တွေ့ရှိရပါသည်။

( ဂ ) အထက်တရားရုံးသည် အောက်ရုံးအဆင့်ဆင့်က တရားလွှတ်တော်ချုပ်အထိ အနိုင်ရခဲ့ပါလျက် တရားလွှတ်တော်ချုပ်(အထူးအယူခံအမှု)တွင် အမှုကို အရှုံးပေးသည်။ တိုက်ရိုက်သက်သေ၏ ထွက်ဆိုချက်မဟုတ်သော တဆင့်ကြား သက်သေ၏

မူကြမ်း

ထွက်ချက်ဖြင့် အောက်ရုံးအဆင့်ဆင့်၏ စီရင်ချက်ကို ပြင်ဆင်ပယ်ဖျက်ပြီး ဆုံးဖြတ်သည်။ အမှန်မှာ တဆင့်ကြားသက်သေသည် ဈေးစကားအဖြစ် သက်သေခံ အကျုံးဝင်လေ့မရှိပါ။

(ဃ) နာမည်ကျော် စာရေးဆရာကြီးတစ်ဦးပိုင် အဆောက်အအုံကို ကျပ်သိန်း ၈၀ ဖြင့် ပေါင်နှံခဲ့ရာ ဟန်ဆောင်စာချုပ်ပါအတိုင်း ကျပ်သိန်း ၃၂၀ ပေးလျော်ရန် အမိန့်ချရမည် ဖြစ်သော်လည်း ထိုသို့အမိန့်မချပဲ ယခုအခါကာလပေါက်ဈေး သိန်း ၆၀၀၀ ခန့် တန်သည့်မြေနှင့်အဆောက်အအုံကို သိန်း ၂၈၀ ဖြင့် ရောင်းစေဟု တိုင်းဒေသကြီးတရားရုံးတစ်ခုက အမိန့်ချမှတ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

( င ) မြေပိုင်ဆိုင်မှု စာရွက်စာတမ်းများကို အာမခံအဖြစ်ထား၍ ငွေချေးခဲ့ကြောင်းပေါ်လွင်ထင်ရှားပါလျက် ပြစ်မှုဆိုင်ရာဥပဒေနှင့် အရေးယူခြင်း၊ အဆောက်အအုံများမှ ဖယ်ရှားရန် တရားမမှုဖွင့်၍ မတရားသဖြင့် အနိုင်ပေးခြင်းများ တွေ့ရှိရပါသည်။

( စ ) မြေပါမစ်ရှိသူတစ်ဦးက အခြားဝယ်သူနှစ်ဦးထံသို့ လိမ်လည်၍ ထပ်မံရောင်းချကြောင်း ပေါ်လွင်ပါလျက် ပထမဝယ်သူနှင့် ဒုတိယဝယ်သူကို ပြစ်မှုကြောင်းအရ အပြန်အလှန် လိမ်လည်မှုများဖြင့် အမှုလက်ခံစစ်ဆေးခြင်း၊ ပြစ်မှုကြောင်း၊ တရားမကြောင်းများဖြင့် အထပ်ထပ်အဆင့်ဆင့် စွဲဆိုကြရာတွင် ရုံးအဆင့်ဆင့်က ကွဲပြားသောအမိန့်နှင့်ဒီကရီ ချမှတ်ခဲ့ခြင်းများ တွေ့ရှိရပါသည်။

(ဆ) တရားရုံးတွင် သက်သေခံစာရွက်စာတမ်းအဖြစ် လက်ခံရာတွင် မှတ်ပုံတင်ရုံး၏ တရားဝင် အထောက်အထားများကို မျက်ကွယ်ပြုပြီး နိုင်ငံခြားတွင်နေထိုင်သောအမှုသည်က ကိုယ်တိုင်မလာရောက်ပဲ တင်သွင်းထားသည့် အထောက်အထားကို တရားရုံးကလက်ခံ၍ အမှုကို ဘက်လိုက်ဆုံးဖြတ်ခြင်းများလည်း တွေ့ရှိရပါသည်။

**သုံးသပ်ချက်**

၃၅။ တရားမမှုများတွင် အသေးအဖွဲ့ငွေကြေးကစ၍ ကျပ်သိန်း ၁၀၀ အထက် ငွေချေးမှုများနှင့် ဟန်ဆောင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုသည့် အမှုများကို အများဆုံးတွေ့ရှိရပါသည်။ ယခုအခါ မြန်မာနိုင်ငံအနှံ့အပြားတွင် မြေဈေးအဆမတန် မြင့်မားလျက်ရှိရာ ယခင်က သိန်းဂဏန်းမရှိသော်လည်း ကာလပေါက်ဈေး သိန်းထောင်ကျော်လာသဖြင့် ပိုင်ဆိုင်မှု၊ အငြင်းပွားမှုများ၊ မတရားဖယ်ရှားမှု

များ၊ စာချုပ်အတုပြုလုပ်မှုများ များပြားလာလျက်ရှိရာ အဆိုပါအမှုများတွင် မှတ်ပုံတင်ရုံးများ၏ မသမာမှုများ၊ အဂတိလိုက်စားမှုများရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၃၆။ လိုင်စင်မဲ့ငွေတိုးချေးစားသူများနှင့်စပ်လျဉ်း၍ လွှတ်တော်အသီးသီးတွင် တရားရုံးများ၏ မသမာမှုများကို တင်ပြခဲ့သော်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ ဖြေကြားချက်များမှာ တရားစီရင်ရေးမူနှင့် ကိုက်ညီမှုမရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ အလားတူ တရားရုံးများ၏ မသမာမှုများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် သုံးဦးကလည်း တင်ပြခဲ့ပါသည်။ တရားရုံးများ၏ ဆောင်ရွက်ချက်အပေါ် သံသယဖြစ်ဖွယ်ရာ အဆုံးအဖြတ်များကို နေရာတိုင်း လိုလိုတွင် တွေ့မြင်သိရှိရသဖြင့် အဆိုပါအမှုများကို စုစည်းသုံးသပ်ပြီး လိုအပ်သော အရေးယူမှုပြုနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃၇။ ယခုအခါ ဤကော်မတီသို့ တင်ပြတိုင်တန်းမှုများမှာ ပိုမိုပီပြင်ပြည့်စုံလာသည်ကို တွေ့ရပါသဖြင့် လိုအပ်သော ကြားနာမှုမျိုးဖြင့် အဂတိလိုက်စားမှုတားမြစ်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အမှန်နစ်နာသူ ပြည်သူများကလည်း နိုင်ငံတော်၏ အကျိုးစီးပွားအတွက် မိမိ၏ကိုယ်ကျိုးမဖက်သော မှန်ကန်သည့်ရပ်တည်ချက်များဖြင့် လာဘ်စားမှုများ၊ မသမာမှုများ၊ အဂတိလိုက်စားမှုများကို ရဲဝံ့စွာ တင်ပြကြရန် လိုအပ်မည်ဖြစ်ပါကြောင်း သုံးသပ်ရပါသည်။

၃၈။ တရားသူကြီးများ၏ အသက်မွေးဝမ်းကြောင်းမှုမှာ မွန်မြတ်သောအသက်မွေးဝမ်းကြောင်းမှု ဖြစ်ကြောင်း၊ ကမ္ဘာကအသိအမှတ်ပြုပါသည်။ ဥပဒေပညာကို သင်ယူရန်၊ အခြားဖွံ့ဖြိုးပြီး နိုင်ငံများတွင် ငွေကြေးများစွာကုန်ကျခြင်း၊ ဉာဏ်ရည်မြင့်မားရန် လိုအပ်ခြင်း၊ အချိန်ကာလ ကြာမြင့်ခြင်း၊ လက်တွေ့လေ့လာဆည်းပူးရခြင်းများဖြင့် ဉာဏဗလကိုသာမက စာရိတ္တဗလကိုပါ လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။ ယခုအခါ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံ များနှင့် ယှဉ်လျှင်ပင် ပညာရေး၊ စီးပွားရေးနိမ့်ကျလျက်ရှိရာ ဥပဒေပညာကို ပို့ချပေးသည့် တက္ကသိုလ်များကလည်း သင်ကြားရေးအပိုင်းတွင် အဆင့်မြှင့်တင်ပေးရန်လိုအပ်ပါသည်။ ဆေးပညာ၊ အင်ဂျင်နီယာဘာသာ အပြင် ယခုအခါ နိုင်ငံခြားဘာသာများ သင်ကြားခွင့်ရရန်မှာ ဉာဏ်ရည် အထူးမြင့်မားရန် လိုအပ်သည်ဟု သတ်မှတ်ထားပါသည်။ သို့ရာတွင် ဥပဒေဘာသာ သင်ကြားရန်မှာ ဉာဏ်ရည်မြင့်မားရန် မလိုပဲ အဓိပ္ပါယ်ဆောင်နေပါသည်။ ကမ္ဘာတွင် ဥပဒေပညာတတ်ရန် ဉာဏ်ရည်အမြင့်မားဆုံး လိုအပ်သည်ဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ ဆန့်ကျင်ဘက်ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ အဝေးသင်ပညာရေး စနစ်ဖြင့်ပင် အချိန်တိုအတွင်း အလွယ်တကူ ဥပဒေဘွဲ့ရနိုင်လျက်ရှိရာ ၎င်းတို့၏

ဥပဒေပညာတတ်ကျွမ်းမှု၊ လေ့လာဆည်းပူးမှုများအပေါ် အားရဖွယ်မရှိသည်ကို တွေ့ရှိသုံးသပ်ရပါသည်။

၃၉။ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန် ဦးနှောက်ဆေးကြောသန့်စင်မှုနှင့် စဉ်ဆက်မပြတ် သင်ကြားမှု(Continuous Learning)ကို ပြုလုပ်ကြရန် လိုအပ်ပါသည်။ ထိုသို့မဟုတ်ပဲ ဥပဒေပညာကို မျက်ကွယ်ပြု၍ အမှုသည်အနိုင်အရှုံးကိုသာ စိတ်ဝင်စားပြီး အမှုပွဲစားများ လုပ်နေမည်ဆိုပါက တရားစီရင်ရေးကဏ္ဍမှာပို၍သာ ဆိုးဝါးသွားနိုင်ပြီး တရားဥပဒေစိုးမိုးရေးဆိုသည်မှာလည်း ဝေးကွာနေမည်ဖြစ်သည်ကို သတိထားဆင်ခြင်သင့်ပါသည်။

၄၀။ ယနေ့တရားရုံး တရားလွှတ်တော်အဆင့်ဆင့်တွင် ရောက်ရှိစီရင်နေကြသော တရားမမှုအများစုသည် နှစ်ကာလ(၅)နှစ်၊ (၁၀)နှစ်၊ (၁၅)နှစ်မက ကြာမြင့်နေကြောင်း တွေ့ရှိရသည်။ ချမှတ်လိုက်သော စီရင်ချက်များသည် အမှန်တရားနှင့် ဆန့်ကျင်နေသောကြောင့် အယူခံမှု၊ အထူးအယူခံလွှာတင်သွင်းမှု၊ စာချွန်တော်တင်သွင်းမှု အဆင့်ဆင့်ကြောင့် ကြာမြင့်ရခြင်းဖြစ်ပါသည်။ အမှုပြီးဆုံးချိန်တွင် ပိုင်ဆိုင်မှုအပြောင်းအလဲဖြစ်သွားခဲ့ကြသော မြေ၊ အဆောက်အဦစသည်တို့၏ တန်ဖိုးအားလုံးနီးပါးသည် ကာလကြာမြင့်ခဲ့သော တရားရုံးစရိတ်အတွက် သုံးစွဲ၊ ကုန်ကျပြီးသော အခြေအနေ မျိုးကြုံတွေ့ရတော့သည်။

၄၁။ ယနေ့မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှု လွန်စွာအားနည်းနေသောကြောင့် ပြည်သူများအနေဖြင့် လူမှုစီးပွားရေးဘဝ လုံခြုံမှုမရှိဟု ခံစားနေကြရသည်။ တရားဥပဒေ စိုးမိုးမှု အားကောင်းလာစေရန် လိုအပ်ချက်များစွာရှိနေရာ တရားရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်ရန်သည် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ လွတ်လပ်သော၊ ဖြောင့်မတ်ကြံ့ခိုင်သော၊ တရားမျှတသော တရားရေးမဏ္ဍိုင်ဖြစ်လာမှသာ ပြည်သူကို ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။ ထိုအခြေအနေမျိုး ရရှိရန်အတွက် တရားရုံး၊ တရားလွှတ်တော်အဆင့်ဆင့်ကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ပါကြောင်း အစီရင်ခံအပ်ပါသည်။

**တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနား ခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီရဲ့ အစီရင်ခံစာအပေါ် ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၉-၁၂-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှု ဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ကိုဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်၍ အစီရင်ခံစာတင်ပြရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဒွဲဘူ(အတွင်းရေးမှူး၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှု ဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအတွင်းရေးမှူး၊ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူဖြစ်ပါတယ်။ ကျွန်မတို့ကော်မတီရဲ့ ၅ နှစ်တာလုပ်ဆောင်ချက်များ ကို ကော်မတီကိုယ်စား အစီရင်ခံတင်ပြသွားမှာ ဖြစ်ပါတယ်ရှင်။ လေးစာအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ ပုဒ်မ ၂၇ ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက် အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၁ အရ ၅-၉-၂၀၁၁ နေ့မှာ ပါတီအသီး သီး၊ ဒေသအသီးသီးမှ တိုင်းရင်းသားများပါဝင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် စတင် ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာ အမှတ် ၂၁/၂၀၁၃ ဖြင့် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီလို့ ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ကော်မတီအဖွဲ့ဝင်များကို ဖြည့်စွက်ဖွဲ့စည်းခြင်း၊ ပြင်ဆင်တာဝန်ပေးခြင်း (၅) ကြိမ်ပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော် ဥပဒေရေးရာ နှင့်အထူးကိစ္စရပ်များ

လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်တို့ကို တာဝန်ပေးအပ်ခြင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့ကို ပြည်သူ့လွှတ်တော်က တာဝန်ပေးခြင်းများ၊ ပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။ ယခုလက်ရှိ ကော်မတီမှာတာဝန်ထမ်းဆောင်လျက်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးသိန်းဇော်၊ မြစ်ကြီးနားမဲဆန္ဒနယ်ကဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ပြီးမှ အဖွဲ့ဝင်များအဖြစ် ဦးအင်ဖုန်ဆန်း၊ မချမ်းဘောမဲဆန္ဒနယ်၊ ဦးခွန်လိန်း၊ ဖလမ်းမဲဆန္ဒနယ်၊ ဦးဦးရယ်၊ ဖရူဆိုမဲဆန္ဒနယ်၊ ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်၊ ဦးစိုင်းအောင်ကြည်၊ မိုင်းတုံမဲဆန္ဒနယ်၊ ဦးစတီဖန်၊ ကျိုင်းတုံမဲဆန္ဒနယ်၊ ဦးလှထွန်း၊ ခန္တီးမဲဆန္ဒနယ်၊ ဦးခင်မောင်ဌေး၊ ထီးလင်းမဲဆန္ဒနယ်၊ ဦးဘဌေး၊ မိုးကုတ်မဲဆန္ဒနယ်၊ ဦးစောသိန်းအောင်၊ လှိုင်းဘွဲမဲဆန္ဒနယ်၊ ဦးဘရှိန်၊ ကျောက်ဖြူမဲဆန္ဒနယ်၊ ဦးဟော်ရှောက်ချမ်း၊ ကွမ်းလုံမဲဆန္ဒနယ်၊ ဦးပိုက်ကို၊ ပခုက္ကူမဲဆန္ဒနယ်တို့က အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ပြီးမှ ဒေါ်ဒွဲဘူ၊ အင်းဂျန်းယန်မဲဆန္ဒနယ်က အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်ရှင်။ တပ်မတော်သားလေ့လာသူများအဖြစ် ဗိုလ်ချုပ်သန်းထွတ်သိန်း၊ ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျ၊ ဗိုလ်မှူးရဲဝံ့ထက်၊ ဗိုလ်မှူးစိုးနိုင်၊ ဗိုလ်မှူးကျော်သူရတို့ ပါဝင်ခဲ့ပါတယ်။ ကော်မတီတွင်ပါဝင်သော ပါတီများကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၈ ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၁ ဦး၊ ချင်းတိုးတက်ရေးပါတီမှ ၁ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၁ ဦး၊မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီမှ ၁ ဦး၊ ဖလုံ - စဝေါ်ဒီမိုကရက်တစ်ပါတီမှ ၁ ဦး၊ ရခိုင်အမျိုးသားပါတီမှ ၁ ဦး၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီမှ ၁ ဦးတို့ဖြစ်ကြပါသည်။ အမျိုးသားကိုယ်စားလှယ် ၁၃ ဦးနှင့် အမျိုးသမီးကိုယ်စားလှယ် ၂ ဦးတို့ ပါဝင်ပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ နာဂ စသည့် တိုင်းရင်းသားလူမျိုးများဖြင့် ပါဝင်ဖွဲ့စည်းထားပါတယ်။ ကော်မတီ ရဲ့တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဖြန့်ဝေထားတဲ့ အစီရင်ခံစာမှာ ဖော်ပြထားတဲ့အတိုင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျင့်သုံးခဲ့ကြပါတယ်။ ကော်မတီက ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်များကို တင်ပြရမယ်ဆိုရင် တိုင်းရင်းသားရေးရာကိစ္စတို့နှင့်ပတ်သက်ပြီး ကော်မတီသည် လွှတ်တော်စတင်ကျင်းပသည့် သက်တမ်းကာလ ပထမပိုင်းမှာပင် ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီတို့ပူးပေါင်း၍ ၂၈-၄-၂၀၁၂ ရက်နေ့မှာ အစည်းအဝေးကျင်းပ ပြုလုပ်ခဲ့ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားများ၏ အရေးကိစ္စများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် အဖွဲ့များဖွဲ့စည်းကာ ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့ကြပါတယ်။ ခရီးစဉ်အတွင်း

ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုမကျန် သွားရောက်ခဲ့ပြီး နယ်ပယ်အစုံမှ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ၎င်းတို့ရဲ့ ဆန္ဒသဘောထားများကို မေးမြန်းစုံစမ်းခဲ့ရာ အဓိကကျတဲ့အချက်အလက်များကိုပြုစုပြီး သက်ဆိုင်ရာလွှတ်တော်များသို့ တင်ပြခဲ့ပါတယ်။ ထို့အပြင် ၎င်းတို့လိုအပ်လျက်ရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဦးတည်သည့် အသွင်သဏ္ဍာန်များ ဖြစ်ပေါ်လာနိုင်စေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြပါတယ်။ တိုင်းရင်းသားများအတွက် မဖြစ်မနေလိုအပ်လျက်ရှိတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက်ကိုလည်း ၁၃-၁-၂၀၁၄ ရက်နေ့၌ ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ကော်မတီဥက္ကဋ္ဌကိုယ်တိုင် တင်သွင်းခဲ့ပြီး ၂၄-၂-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ဥပဒေကို ပြဋ္ဌာန်းရာ၌ တည်ဆဲဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရေးဆွဲခဲ့ရခြင်း ဖြစ်ပါတယ်။ သို့ဖြစ်၍ တိုင်းရင်းသားပြည်သူများအနေဖြင့် နောင်ကျင်းပမည့် လွှတ်တော်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်သည့်အခြေအနေ၊ အတိုင်းအတာပေါ်မူတည်ပြီး ဤဥပဒေကို ပြန်လည်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ၊ ပြုလုပ်နိုင်ပါ ကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ ပထမအကြိမ်ကျင်းပတဲ့ လွှတ်တော်သက်တမ်း၌ အတည်ပြုနိုင်ခဲ့တဲ့ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ဥပဒေရဲ့ ထိရောက်မှုအရှိဆုံး ပြဋ္ဌာန်းချက်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့မှာ တိုင်းရင်းသားရေးရာဝန်ကြီးဌာနထားရှိပြီး တိုင်းရင်းသားများရဲ့အရေးအရာကိစ္စအဝဝကို အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ရေးပဲ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ အသစ်ပြန်လည် ဖွဲ့စည်းမယ့်အစိုးရအဖွဲ့တွင် တိုင်းရင်းသားရေးရာဝန်ကြီးဌာနတစ်ခုကို ဤဥပဒေအားဖြင့် ဖွဲ့စည်းလာနိုင်မှာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ကော်မတီဝင်များ ကလွှတ်တော်တွင် ဆွေးနွေးတင်သွင်းခဲ့ပြီး အောင်မြင်မှုများရရှိခဲ့ပြီး ယခုအခါ တိုင်းရင်းသားများဟာ မိမိတို့ရဲ့ ဘာသာ၊ စာပေများကို ကျောင်းများမှာ သင်ယူနိုင်တဲ့အခွင့်အရေးရရှိကာ တိုင်းရင်းသားများရဲ့ ရိုးရာ၊ ဓလေ့၊ စရိုက်၊ စာပေ၊ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လာနိုင်ခဲ့ကြပါတယ်။ ကော်မတီဟာ ကျေးလက်၊ နယ်စပ်လူမှုဘဝမြှင့်တင်ရေးနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ရဲ့ နှစ်စဉ်နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေများကို စိစစ်ညှိနှိုင်း

ဆောင်ရွက်ခြင်း၊ လွှတ်တော်အတွင်း ကတိကဝတ်များအပေါ် အကောင်အထည်ဖော်မှုအခြေအနေကို စိစစ်ပေးသကဲ့သို့ နိုင်ငံတော်အကြီးအကဲများရဲ့ ခရီးစဉ်တွင် တိုင်းရင်းသားပြည်သူလူထုများရဲ့ တင်ပြချက်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သီးခြားတင်ပြချက်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များနှင့် ပတ်သက်ပြီးတော့လည်း ကော်မတီဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲပါအမိန့်အမှတ် ၁၂/၂၀၁၂ ဖြင့် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီတွင်ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ဦးဆောင်ပါဝင်လျက်ရှိသကဲ့သို့ ကော်မတီအဖွဲ့ဝင် တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်အချို့သည် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်များအဖြစ်ပါဝင်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးလျက်ရှိခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၆) ဖွဲ့အနက် (၁၄) ဖွဲ့နှင့် တစ်ဖွဲ့ချင်းပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ တစ်ဖွဲ့ချင်းသဘောတူလက်မှတ်ရေးထိုးရာမှ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးနိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်များ ညှိနှိုင်းဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် (NCA) ကို နှစ်ဖက်အတည်ပြုနိုင်ခဲ့ပြီး အဆင်သင့်ဖြစ်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ (၈) ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကော်မတီအဖွဲ့ဝင်များသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ နာဂ၊ ရခိုင်၊ ရှမ်းစတဲ့ တိုင်းရင်းသားများ ဖြစ်ကြတာနဲ့အညီ သက်ဆိုင်ရာနယ်မြေဒေသအသီးသီးရှိ ပဋိပက္ခဖြစ်လျက်ရှိသော ဒေသများသို့ အောက်ခြေမှစ၍ ကိုယ်တိုင်သွားရောက်ပြီး ငြိမ်းချမ်းရေးကိစ္စများကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် ကော်မတီဝင်များသည် အဆို ၉ ခု၊ ကြယ်ပွင့်ပြမေးခွန်း ၁၃၀၊ ကြယ်ပွင့်မပြမေးခွန်း ၁၅၅ ခုတို့ကို တင်ပြဆွေးနွေးနိုင်ခဲ့ကြပါတယ်။ ကော်မတီအနေနဲ့ ကော်မတီအစည်းအဝေးများ ကျင်းပြခြင်း၊ မိမိကော်မတီနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများပြုလုပ်ခြင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ပြည်သူ့လွှတ်တော်က တာဝန်ပေးအပ်သော အလုပ်ရုံဆွေးနွေးပွဲများတက်ရောက်ခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတို့ကို ဆောင်ရွက်ခဲ့ကြပါတယ်။ ကော်မတီဥက္ကဋ္ဌ အပါ

အဝင် ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ရဲ့ တာဝန်ပေးချက်အရ ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာခွင့်ရရှိခဲ့ကြပြီး ရရှိတဲ့အတွေ့အကြုံများကို မိမိဒေသအတွက်နှင့် တိုင်းရင်းသား ပြည်သူများအတွက် အကျိုးပြုနိုင်ရေး လုပ်ဆောင်ခဲ့ကြပါတယ်။ အချုပ်အားဖြင့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားများ၏ နယ်မြေ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုခိုင်မာရေးနှင့် နိုင်ငံတော်အတွင်း ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များကို ကျရာအခန်းကဏ္ဍမှ မိမိတို့တက်စွမ်းသရွေ့ ကြိုးစားလုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါတယ်။ လေးစားအပ် ပါတဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်မှာ တိုင်းရင်းသားအရေးနှင့်ပတ်သက်ပြီး မိမိတို့ကော်မတီဝင်များအားလုံး ကြိုးစား ဆောင်ရွက်ခဲ့ကြသော်လည်း မိမိတို့ကော်မတီဝင်များကိုယ်တိုင် ကျေနပ်မှုအပြည့်အဝမရှိခဲ့ကြသလို လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများလည်း အားရကျေနပ်မှု အပြည့်အဝရရှိနိုင်မည် မဟုတ်ပါ။ မိမိတို့အနေဖြင့် အခက်အခဲအမျိုးမျိုးကြားမှ ပထမဦးဆုံးလမ်းထွင်ဆောင်ရွက်ခဲ့ကြရတဲ့ အတွက် မပြည့်စုံမှုများစွာရှိမှာဖြစ်ပါတယ်။ မိမိတို့ကော်မတီဝင် တိုင်းရင်းသားများဟာ နောင်ကာလမှာ ကျင်းပမည့် လွှတ်တော်များမှာ ပါဝင်နိုင်သည်ဖြစ်စေ၊ မပါဝင်နိုင်သည်ဖြစ်စေ၊ မိမိတို့ရဲ့ ၅ နှစ်တာ တွေ့ကြုံခဲ့ရတဲ့ အားသာချက်၊ အားနည်းချက်များနဲ့ ငွေနဲ့ဝယ်ယူ၍မရနိုင်တဲ့ တန်ဖိုးရှိတဲ့အတွေ့အကြုံ များကို မိမိတို့နိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားများအရေး၊ ကျေးလက်နေပြည်သူလူထု များအရေးအတွက် မည်သည့်နေရာကဏ္ဍတွင်မဆို နိုင်ငံတော် ပြည်သူများနှင့် ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြပါမယ်လို့ ကတိပြုရင်း မိမိတို့ကော်မတီရဲ့ အစီရင်ခံခြင်းကို နိဂုံးချုပ် အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

## ပထမအကြိမ် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်က (၂၀၁၁) ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ပါတီအသီးသီး၊ ဒေသအသီးသီးမှ တိုင်းရင်းသားများပါဝင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅) ဦးဖြင့် ဖွဲ့စည်း၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခဲ့ပါသည်။ တာဝန်များတွင် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက စေရေးအတွက် ကူညီဆောင်ရွက်ပေးခြင်းဟုပါရှိပါသည်။

**ဖွဲ့စည်းခြင်း**

၂။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄၊ ပုဒ်မ ၂၇နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ၅-၉- ၂၀၁၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၁/ ၂၀၁၁ အရ ပါတီအသီးသီး၊ ဒေသအသီးသီးမှ တိုင်းရင်းသားများပါဝင်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးသိန်းဇော် | မြစ်ကြီးနားမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးအင်ဖုန်ဆန်း | မချမ်းဘောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးငွန်မောင်း | ဟားခါးမဲဆန္ဒနယ် | ။ |
| (ဃ) | ဦးစိုးရယ် | ဒီမောဆိုမဲဆန္ဒနယ် | ။ |
| (င) | ဒေါ်မိယဉ်ချမ်း | ကျိုက်မရောမဲဆန္ဒနယ် | ။ |
| (စ) | ဦးစိုင်းအောင်ကြည် | မိုင်းတုံမဲဆန္ဒနယ် | ။ |
| (ဆ) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် | ။ |
| (ဇ) | ဦးလှထွန်း | ခန္တီးမဲဆန္ဒနယ် | ။ |

| | | | |
|---|---|---|---|
| (ဈ) | ဦးခင်မောင်ဌေး | ထီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးဘဌေး | မိုးကုတ်မဲဆန္ဒနယ် | ။ |
| (ဋ) | ဦးစောသိန်းအောင် | လှိုင်းဘွဲ့မဲဆန္ဒနယ် | ။ |
| (ဌ) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် | ။ |
| (ဍ) | ဦးပော်ရှောက်ချန်း | ကွမ်းလုံမဲဆန္ဒနယ် | ။ |
| (ဎ) | ဦးစိုင်းမောင်တင် | လဲချားမဲဆန္ဒနယ် | ။ |
| (ဏ) | ဒေါ်ဒွဲဘူ | အင်ဂျန်းယန်မဲဆန္ဒနယ် | အတွင်းရေးမှူး |

၃။ ကော်မတီအဖွဲ့ဝင် ဦးငွန်မောင်း၊ ဟားခါးမဲဆန္ဒနယ် အား ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်တာဝန် ပေးအပ်ခြင်းခံရပါသဖြင့် လစ်လပ်နေရာတွင် ဦးခွန်လိန်း၊ ဖလမ်းမဲဆန္ဒနယ်အား ၂၂-၃-၂၀၁၃ ရက်စွဲပါ ပြည်သူ့လွှတ်တော် အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၃)ဖြင့် ဖြည့်စွက်ဖွဲ့စည်းခဲ့ပါသည်။

၄။ ကော်မတီ၏ ဥပဒေရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရေးအတွက် ပြည်သူ့လွှတ်တော်ရုံး၏ ၁၈-၇-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၀၅/ပသ(ကမရ)၁/၂၀၁၃-၁၄၅ ဖြင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်စိုးအား ကော်မတီတွင် တွဲဖက်တာဝန်ကို ပေးအပ်ခဲ့ပါသည်။

၅။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ်၂၁/၂၀၁၃ ဖြင့် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဟု ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

၆။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၉-၅-၂၀၁၄ ရက်စွဲပါ စာအမှတ် ၀၅/ပသ(ကမရ)၁/၂၀၁၄ - ၁၀၀ ဖြင့် ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်စိုး၊ ဦးသန်းမောင်နှင့် ဒေါ်မြမြဝင်းတို့ကို ထပ်မံ၍တွဲဖက်တာဝန်ပေးအပ်ခဲ့ပါသည်။

**မူကြမ်း**

၇။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ အမိန့်အမှတ် ၁/၂၀၁၃ ဖြင့် အောက်ဖော်ပြပါ တပ်မတော်သားကိုယ်စားလှယ်(၅)ဦးကို ကော်မတီတွင်လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည် -

(က) ဗိုလ်မှူးကြီးသန်းထွတ်သိန်း

(ခ) ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်း

(ဂ) ဗိုလ်မှူးရဲဝံ့ထက်

(ဃ) ဗိုလ်မှူးကျော်ကျော်သက်

(င) ဗိုလ်မှူးစိုးနိုင်

၈။ မူလတပ်မတော်သားလေ့လာသူ ကိုယ်စားလှယ် (၅) ဦးအစား ၂၀၁၄ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ အမိန့်အမှတ် ၁/ ၂၀၁၄ ဖြင့် အောက်ဖော်ပြပါ တပ်မတော်သားကိုယ်စားလှယ်(၅)ဦးကို လေ့လာသူများအဖြစ် ကော်မတီတွင် ပြင်ဆင်၍ တာဝန်ပေးအပ်ခဲ့ပါသည် -

(က) ဗိုလ်မှူးချုပ်သန်းထွတ်သိန်း

(ခ) ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျ

(ဂ) ဗိုလ်မှူးရဲဝံ့ထက်

(ဃ) ဗိုလ်မှူးစိုးနိုင်

(င) ဗိုလ်မှူးကျော်သူရ

၉။ ယခုလက်ရှိကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးသိန်းဇော် | မြစ်ကြီးနားမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးအင်ဖုန်ဆန်း | မချမ်းဘောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးခွန်လိန်း | ဖလမ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးဦးရယ်(ခ)<br>ဦးအူးရယ် | ဖရူဆိုမဲဆန္ဒနယ် | အဖွဲ့ဝင် |

မူကြမ်း

| | | | |
|---|---|---|---|
| (င) | ဒေါ်မိမြင့်သန်း | ရေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးစိုင်းအောင်ကြည် | မိုင်းတုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးစတီဖန် | ကျိုင်းတုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးလှထွန်း | ခန္တီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးခင်မောင်ဌေး | ထီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးဘဌေး | မိုးကုတ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစောသိန်းအောင် | လှိုင်းဘွဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးဘရှိန် | ကျောက်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဟော်ရှောက်ချန်း | ကွမ်းလုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးပိုက်ကို | ပခုက္ကူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါ်ဒွဲဘူ | အင်ဂျန်းယန်မဲဆန္ဒနယ် | အတွင်းရေးမှူး |

၁၀။ ကော်မတီတွင် ပါဝင်သောပါတီများမှာ -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | (၈) ဦး |
| (ခ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | (၁) ဦး |
| (ဂ) | ချင်းတိုးတက်ရေးပါတီ | (၁) ဦး |
| (ဃ) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | (၁) ဦး |
| (င) | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ | (၁) ဦး |
| (စ) | ဖလုံ - စဝေါ်ဒီမိုကရက်တစ်ပါတီ | (၁) ဦး |
| (ဆ) | ရခိုင်အမျိုးသားပါတီ | (၁) ဦး |
| (ဇ) | စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ | (၁) ဦး |

တို့ဖြစ်ကြပါသည်။ အမျိုးသားကိုယ်စားလှယ် (၁၃) ဦးနှင့် အမျိုးသမီးကိုယ်စားလှယ် (၂) ဦးတို့ ပါဝင်ပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးများဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

**ကော်မတီ၏သက်တမ်း**

**မူကြမ်း**

၁၁။ ကော်မတီ၏သက်တမ်းမှာ စတင်ဖွဲ့စည်းသည့် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှစ၍ တစ်နှစ်သတ်မှတ်ထားပါသည်။ ကော်မတီ၏သက်တမ်းအား တစ်နှစ်တစ်ကြိမ် တိုးမြှင့်ပါသည်။

**ကော်မတီ၏ တာဝန်များ**

၁၂။ ကော်မတီသည် -

(က) တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေး၊ ရိုင်းပင်းကူညီရေး အလေးထားဆောင်ရွက်ရမည်။

(ဂ) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက် စေရန် ကူညီဆောင်ရွက်ရမည်။

(ဃ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက် ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ရမည်။

(င) ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်း ဆွေးနွေးခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြဆောင်ရွက်ရမည်။

(စ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေ များကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဆ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်း လိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဇ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၁၃။ ကော်မတီသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီးဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည် သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

၁၄။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်း မပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၁၅။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက် များနှင့်အညီ ကျင်းပရမည်။

၁၆။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင် ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့တင်ပြရာတွင် ကော်မတီဝင်များသည်လည်း အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် ခြွင်းချက် (သို့မဟုတ်) သဘောကွဲလွဲချက်များရှိပါက ထိုခြွင်းချက် (သို့မဟုတ်) သဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌကသတ်မှတ်သည့် နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးစဉ်းစားပြီးသောအခါ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၁၇။ ကော်မတီဝင်များသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကိုမဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၈။ ကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားလာရာ၌လည်းကောင်း

ယင်းတို့နှင့် သက်ဆိုင်သည့်ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့် အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၉။ **ကော်မတီဝင်များသည် -**

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**အဓိကဆောင်ရွက်ချက်များ**

၂၀။ **တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ -**

(က) ကော်မတီသည် လွှတ်တော်စတင်ကျင်းပသည့် သက်တမ်းကာလပထမပိုင်းမှာပင် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီတို့ပူးပေါင်း၍၂၈-၄-၂၀၁၂ ရက်နေ့တွင် အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်နယ်နှင့်တိုင်းဒေသအသီးသီးရှိ တိုင်းရင်းသားများ၏အရေးကိစ္စများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် အဖွဲ့များဖွဲ့စည်းကာ ကွင်းဆင်းလေ့လာရေးဆောင်ရွက်ခဲ့ကြပါသည်။ ခရီးစဉ်အတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီး တစ်ခုမကျန် သွားရောက်ခဲ့ပြီး တိုင်းရင်းသားများနှင့် ထိတွေ့၍ ၎င်းတို့၏ဆန္ဒသဘောထားများကို မေးမြန်းစုံစမ်းခဲ့ကာ အဓိကကျသော အချက်အလက်များကိုပြုစု၍ သက်ဆိုင်ရာသို့ တင်ပြခဲ့ပါသည်။ ထို့ပြင် ၎င်းတို့လိုအပ်လျက်ရှိသော ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဦးတည်သည့် အသွင်သဏ္ဌာန် များဖြစ်ပေါ်လာနိုင်

စေရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်း၍ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြပါသည်။

(ခ) တိုင်းရင်းသားများအတွက် အထူးလိုအပ်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက်ကိုလည်း ၁၃-၁-၂၀၁၄ ရက်နေ့၌ ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ကော်မတီဥက္ကဋ္ဌကိုယ်တိုင် တင်သွင်းခဲ့ပြီး ၂၄-၂-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၅ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါသည်။

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ကော်မတီဝင်များက လွှတ်တော်တွင် ဆွေးနွေးတင်သွင်းခဲ့၍ အောင်မြင်မှုများရရှိခဲ့ပြီး ယခုအခါ တိုင်းရင်းသားများသည် မိမိတို့၏ဘာသာစာပေများကို ကျောင်းများတွင်သင်ယူနိုင်သည့် အခွင့်အရေးရရှိကာ တိုင်းရင်းသားများ၏ ရိုးရာ၊ ဓလေ့၊ စရိုက်၊ စာပေ၊ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လာနိုင်ခဲ့ကြပါသည်။

၂၁။ **ကျေးလက်/ နယ်စပ် လူမှုဘဝမြှင့်တင်ရေးနှင့် ပတ်သက်၍ -**

(က) ကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးများ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများဖြစ်ကြသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့၏ နှစ်စဉ်နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေများကိုစိစစ်ခဲ့ပြီး နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လွှတ်တော်သက်တမ်း (၅) နှစ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ် BE တွင် ကျပ်သန်းပေါင်း ၇၇၆၀၁. ၁၁၄ သန်း၊ RE တွင် ကျပ်သန်းပေါင်း ၆၉၃၉၀. ၃၃၄ သန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် BE တွင် ကျပ်သန်းပေါင်း ၂၆၆၂၂၄. ၅၅၈ သန်း၊ RE တွင် ကျပ်သန်းပေါင်း ၄၇၈၅. ၇၅၆

သန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် BE တွင် ကျပ်သန်းပေါင်း ၁၁၉၇၀၆. ၁၀၇ သန်း၊ RE တွင် ကျပ်သန်းပေါင်း ၈၇၃၄. ၉၀၉ သန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် BE တွင် ကျပ်သန်းပေါင်း ၁၃၀၄၁၅. ၀၆၈ သန်း တို့ကို စိစစ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

(ခ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လွှတ်တော် သက်တမ်း (၅) နှစ်အတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန လက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁ - ၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် BE တွင် ကျပ်သန်းပေါင်း ၈၅၁၆၀. ၆၇၆ သန်း၊ RE တွင် ကျပ်သန်းပေါင်း ၄၉၂၃၇. ၆၉၃ သန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် BE တွင် ကျပ်သန်းပေါင်း ၄၂၁၂၆၀. ၉၉၄ သန်း၊ RE တွင် ကျပ်သန်းပေါင်း ၂၇၉၇၆. ၈၉၃ သန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ် BE တွင် ကျပ်သန်းပေါင်း ၄၈၈၉၈၈.၈၁၂ သန်းတို့ကို စိစစ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။

(ဂ) လွှတ်တော်အတွင်း ကတိကဝတ်များအပေါ် အကောင်အထည်ဖော်မှု အခြေအနေများကို စိစစ်ပေးသကဲ့သို့ နိုင်ငံတော်အကြီးအကဲများ၏ခရီးစဉ်တွင် ပြည်သူလူထု၏ တင်ပြချက်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် သီးခြား တင်ပြချက်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးခဲ့ပါသည်။ နောက်ဆက်တွဲ (က) (ခ)

**၂၂။ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များနှင့် ပတ်သက်၍ -**

(က) ကော်မတီဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက် နေ့စွဲပါ အမိန့်အမှတ် (၁၂/၂၀၁၂)ဖြင့် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင် ရေးလုပ်ငန်း ကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ဦးဆောင်ပါဝင်လျက်ရှိသကဲ့သို့ ကော်မတီအဖွဲ့ဝင် တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်အချို့သည် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်များအဖြစ်ပါဝင်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးလျက်ရှိပါသည်။ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်သည် ဒုတိယဥက္ကဋ္ဌ

မူကြမ်း

အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆောင်ရွက်ရာတွင် **“ဝ”** အထူး ဒေသ (၂)၊ မိုင်းလား အထူးဒေသ (၄)၊ ကလို့ထူးဘော တပ်ဖွဲ့ (ယခင် DKBA)၊ ဆင်ကျော့ဌာနေ ပြည်သူ့စစ်အဖွဲ့နှင့် ဝမ်ဟိုင်းဌာနေ ပြည်သူ့စစ်အဖွဲ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ ကောင်းခါး၊ မုံးပေါ်၊ ပန်းဆေးဌာနေ ပြည်သူ့စစ်အဖွဲ့များ၊ KNU/ KNLA ငြိမ်းချမ်းရေးကောင်စီ၊ ရခိုင်လွတ်မြောက်ရေးပါတီ ALP၊ နာဂလက်နက်ကိုင်အဖွဲ့ NSCN (k)၊ KIO/ KIA တို့နှင့် အကြိုညှိနှိုင်းဆွေးနွေးခြင်း၊ ပြည်နယ်အဆင့် သဘောတူလက်မှတ်ရေးထိုးခြင်းများနှင့် ပြည်ထောင်စုအဆင့် သဘောတူလက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက် ခဲ့ပါသည်။ **နောက်ဆက်တွဲ(ဂ)**

(ခ) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၆) ဖွဲ့အနက် (၁၄) ဖွဲ့နှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ တစ်ဖွဲ့ချင်းသဘောတူလက်မှတ်ရေးထိုရာမှ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးနိုင်ရေး အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော အဖွဲ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်များ ညှိနှိုင်းဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် (NCA)ကို နှစ်ဖက်အတည်ပြုနိုင်ခဲ့ပြီး အဆင်သင့်ဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ (၈) ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ပါသည်။

(ဂ) ကော်မတီအဖွဲ့ဝင်များသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ နာဂ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများဖြစ်ကြသည်နှင့်အညီ သက်ဆိုင်ရာနယ်မြေဒေသအသီးသီးရှိ ပဋိပက္ခဖြစ်လျက်ရှိသော ဒေသများသို့အောက်ခြေမှစ၍ ကိုယ်တိုင်သွားရောက်၍ ငြိမ်းချမ်းရေးကိစ္စများကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

**ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် အဆို၊ မေးခွန်းမေးမြန်းဆွေးနွေးခြင်း**

၂၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် ကော်မတီဝင်များ၏ အဆို၊ မေးခွန်း မေးမြန်း ဆွေးနွေးဆောင်ရွက်ခဲ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အမည် | အဆို | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | မှတ်ချက် |
|---|---|---|---|---|---|

**မူကြမ်း**

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဦးသိန်းဇော် | ၂ | - | - | |
| ၂။ | ဦးအင်ဖုန်ဆန်း | - | ၁၅ | ၅ | |
| ၃။ | ဦးခွန်လိန်း | - | ၁၆ | ၃၂ | |
| ၄။ | ဦးဦးရယ် (ခ)<br>ဦးအူးရယ် | - | ၈ | ၂ | |
| ၅။ | ဒေါ်မိမြင့်သန်း | - | ၁၆ | ၁၅ | |
| ၆။ | ဦးစိုင်းအောင်ကြည် | - | ၅ | ၇ | |
| ၇။ | ဦးလှထွန်း | ၁ | ၂၂ | ၁၁ | |
| ၈။ | ဦးခင်မောင်ဌေး | - | ၂ | ၃၂ | |
| ၉။ | ဦးဘဌေး | - | - | ၂ | |
| ၁၀။ | ဦးစောသိန်းအောင် | ၁ | ၂ | ၃ | |
| ၁၁။ | ဦးဘရှိန် | - | ၂၉ | ၂၉ | |
| ၁၂။ | ဦးဟော်ရှောက်ချန်း | - | ၁ | ၁ | |
| ၁၃။ | ဦးစတီဖန် | - | ၄ | ၂ | |
| ၁၄။ | ဦးပိုက်ကို | - | ၇ | ၁၁ | |
| ၁၅။ | ဒေါ်ဒွဲဘူ | ၅ | ၃ | ၃ | |

၂၄။ **ကော်မတီအစည်းအဝေးကျင်းပမှုများ**

ကော်မတီသည် ၂၀၁၁ ခုနှစ်တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂) ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၇) ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂) ကြိမ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေမူကြမ်းနှင့်ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီး ဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ပြုလုပ်သည့် အစည်းအဝေး (၂) ကြိမ်ပြုလုပ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁) ကြိမ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေမူကြမ်းနှင့်ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ

**မူကြမ်း**

ဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပြုလုပ်သည့် အစည်းအဝေး (၃) ကြိမ်ပြုလုပ်ခဲ့ပါသည်။ ကော်မတီသည် ၂၀၁၅ ခုနှစ်တွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁) ကြိမ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရသုံးဆိုင်ရာ ဥပဒေမူကြမ်းနှင့် ပတ်သက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ ကျေးလက်ဦးစီးဌာနနှင့် ပြုလုပ်သည့်အစည်းအဝေး (၃) ကြိမ်ပြုလုပ်ခဲ့ပါသည်။

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ**

၂၅။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် မိမိတို့၏မဲဆန္ဒနယ်မြေတွင် ဒေသခံ ပြည်သူများအတွက် အဓိကလိုအပ်ချက်ဖြစ်သော သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ ကျေးလက် လမ်းများ၊ တံတားများပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အဦ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် မြို့နယ်အတွင်းပြည်သူလူထု၏ အမှန်တကယ် လိုအပ်ချက် ဖြစ်သည့်လုပ်ငန်းများကို ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စနစ်တကျသုံးစွဲ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

**ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများ**

၂၆။ ကော်မတီသည် လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်၊ ညွှန်ကြားချက်များအရ နိုင်ငံခြားအဖွဲ့အစည်း များနှင့် ၂၀၁၂ ခုနှစ်တွင် (၂) ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် (၃) ကြိမ်၊ ၂၀၁၄ ခုနှစ် တွင် (၄) ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် (၄) ကြိမ် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် လွှတ်တော်မှပါဝင်ဆောင်ရွက်လျက်ရှိသည့် အခန်းကဏ္ဍများကို ဆွေးနွေးခဲ့ကြ ပါသည်။ တွေ့ဆုံဆွေးနွေးမှုမှတ်တမ်းအား နောက်ဆက်တွဲ (ဃ) ဖြင့် တင်ပြအပ်ပါသည်။

**အလုပ်ရုံဆွေးနွေးပွဲများ**

၂၇။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ တက်ရောက်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲများအနေဖြင့် ကော်မတီဥက္ကဋ္ဌ (၃) ကြိမ်၊ အတွင်းရေးမှူး (၂) ကြိမ်၊ ကော်မတီ အဖွဲ့ဝင် ဦးအင်ဖုန်ဆန်း (၃) ကြိမ်၊ ဦးလှထွန်း (၂) ကြိမ်၊ ဦးစိုင်းအောင်ကြည် (၄) ကြိမ်၊ ဦးခင်မောင်ဋ္ဌေး (၃) ကြိမ်၊ ဦးစောသိန်းအောင် (၁) ကြိမ်၊ ဦးစတီဖန် (၂) ကြိမ်၊ ဦးဦးရယ် (၁) ကြိမ်၊ ဦးပိုက်ကို (၂) ကြိမ်၊ ဦးခွန်လိန်း (၁) ကြိမ် စုစုပေါင်း (၂၄) ကြိမ် တက်ရောက်ခဲ့ပါသည်။

**ကော်မတီဝင်များ၏ ပြည်ပခရီးစဉ်များ**

၂၈။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ပြည်ပခရီးစဉ်များ သွားရောက်ခဲ့ရာ ကော်မတီဥက္ကဋ္ဌ (၅) ကြိမ်၊ အတွင်းရေးမှူး (၁) ကြိမ်၊ ဦးဦးရယ် (၁) ကြိမ်၊ ဦးအင်ဖုန်ဆန်း (၁) ကြိမ်၊ ဦးစတီဖန် (၁) ကြိမ်၊ ဦးခွန်လိန်း (၁) ကြိမ် စုစုပေါင်း (၁၀) ကြိမ် သွားရောက်ခဲ့ပြီးဖြစ်ပါသည်။ ခရီးစဉ်မှတ်တမ်းများကို နောက်ဆက်တွဲ (င) ဖြင့် တင်ပြအပ်ပါသည်။

**နိဂုံး**

၂၉။ အချုပ်အားဖြင့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားများ၏ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ လူမှုဘဝတိုးတက်ဖွံ့ဖြိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာရေးနှင့် နိုင်ငံတော်အတွင်း ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များကို ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော် ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တိုင်းရင်းသား ရေးရာ၊ ကျေးလက်လူမှုဘဝမြှင်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု ကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၉-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံး ထား၍ အမည်စာရင်း ပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဒေါ်စန္ဒာမင်း၊ ဇမ္ဗူသီရိမဲဆန္ဒနယ်က ဆွေးနွေးခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမ အကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် တင်ပြခဲ့တဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း

ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက အမည်စာရင်းတင်သွင်းထားပါတယ်။ ဒါကြောင့် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ဆွေးနွေးဖို့ ဖိတ်ခေါ်အပ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇမ္ဗူသီရိမဲဆန္ဒနယ်)။** ။ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ယနေ့ဆွေးနွေးတင်ပြမှာက ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီရဲ့အစီရင်ခံစာအပေါ်မှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီကော်မတီရဲ့အစီရင်ခံစာကို တင်သွင်းလာသူကတော့ ကော်မတီအတွင်းရေးမှူးဖြစ်သူ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဒီကော်မတီဝင် ၁၅ ဦးရှိတဲ့အနက်မှ အလွန်တက်ကြွစွာဆောင်ရွက်ခဲ့တဲ့ ကော်မတီအတွင်းရေးမှူး အဖြစ်နဲ့ ပထမဦးစွာအသိအမှတ်ပြုပါတယ်။ ကော်မတီမှာ ဖွဲ့စည်းထားတဲ့ ကော်မတီဝင် ၁၅ ဦးတို့ဟာ ကော်မတီရဲ့လုပ်ငန်းတွေကို လေ့လာလိုစိတ်၊ စိတ်ဝင်စားလိုစိတ်များ ရှိလာအောင် စည်းရုံးဆောင် ရွက်ရန် လိုအပ်တယ်လို့ တင်ပြထားတာကို တွေ့ရှိရပါတယ်။ ဒါကိုကျွန်မအနေနဲ့လည်း ထောက်ခံပါ တယ်။ နောင် လွှတ်တော်ကြီးမှာတော့ ဒီလိုပုံစံမျိုးတွေကို ပြုပြင်ရတော့မယ်လို့ ကျွန်မတင်ပြလိုပါ တယ်။ ဒီကော်မတီက တင်ပြလာတဲ့ နောက်တစ်ချက်ကတော့ လုပ်ငန်းတာဝန် ခုနှစ်ချက်ရှိပါတယ်တဲ့။ ချမှတ်ထားတဲ့ လုပ်ငန်းရည်ရွယ်ချက်တွေဟာ အလွန်ကောင်းမွန်ပါတယ်။ သို့သော် ပြည်သူလူထု အတွက် ယခုလွှတ်တော်သက်တမ်းမှာတော့ ရာနှုန်းပြည့် မဆောင်ရွက်ပေးနိုင်ခဲ့ဘူးလို့ ထင်မြင်မိပါ တယ်။ ကော်မတီမှတာဝန်ယူ ဆောင်ရွက်လျက်ရှိတဲ့ဌာနတွေက ပြည်ထဲရေးဝန်ကြီးဌာနနဲ့ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ဖြစ်ပါတယ်။ ဒီဝန်ကြီးဌာနများနဲ့ပတ်သက်ပြီး ကော်မတီမှ သုံးသပ်တင်ပြထားသလို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် မိုးပွင့်စီမံကိန်းအဆင့်ဆင့်များဖြင့် ဖြေလျှော့သတ်မှတ်ချက်များနှင့် ဆောင်ရွက်နေသော်လည်း ပြည်သူ တွေ လိုက်နာအောင် ဆောင်ရွက်နိုင်မှုမရှိသေးလို့ အိမ်ထောင်စုလူဦးရေ သန်းခေါင်စာရင်းကို မိသားစု တိုင်း ဆောင်ရွက်နိုင်ခြင်းမရှိသလို သန်းခေါင်စာရင်းမရှိတော့လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ကို လူငယ်တိုင်းမလုပ်နိုင်ပါဘူး။ အဲလိုပါပဲ စိစစ်ရေးကတ်ပြားမရှိတော့ အလုပ်လျှောက်ရတာအဆင် မပြေ။ မဲပေးခွင့်တွေဆုံးရှုံး၊ နိုင်ငံခြားထွက်ခွာမှုအဆင်မပြေစတာတွေ ဆက်လက်ဖြစ်ပေါ်လာပါတယ်။ နိုင်ငံတော်ကတော့ ဒီမိုးပွင့်စီမံကိန်းအတွက် ငွေကြေးတွေ အမြောက်အမြား အကုန်အကျခံခဲ့ရပါတယ်။ ကျွန်မရဲ့ ဇမ္ဗူသီရိမြို့နယ်မှာဆိုရင်လည်း ဒေသခံမဟုတ်တဲ့ ပြောင်းရွှေ့လာသူအများစုက ယခုလို မိုးပွင့်စီမံကိန်းနဲ့ ဖြေလျှော့ဆောင်ရွက်ပေးနေသော်လည်း အများစုကတော့ အဆင်မပြေ၊ မရရှိတာတွေ ရှိနေသေးပါတယ်။ ဒါကြောင့်လည်း ကော်မတီအနေနဲ့ နောင်လာမယ့် သက်တမ်းတွေမှာ လက်တွေ့

**မူကြမ်း**

အခြေအနေနဲ့ အမှန်တကယ်ဆီလျော်မှုရှိတဲ့ အစီအစဉ်တွေဖြစ်ပေါ်လာအောင် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ဆက်လက် ညှိနှိုင်းဆောင်ရွက်ပေးစေလိုပါတယ်။ နောက် ပြည်သူလူထုနဲ့လက်တွေ့ဘဝမှာ အံ့ဝင်ဂွင်ကျ မဖြစ်တော့တဲ့၊ ပြင်ဆင်ရန်လိုအပ်တဲ့ ဥပဒေများထဲမှ ကျူးကျော်သူများနဲ့ပတ်သက်တဲ့ ဥပဒေများ ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ယူပြင်ဆင်နေတဲ့ နောက်ဥပဒေတစ်ခုဖြစ်တဲ့ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေကိုလည်း အမှန်တကယ်စေတနာထားပြီး ဆက်လက်ရေးဆွဲစေလိုပါတယ်။ ဒီဥပဒေကို လွှတ်တော်က မည်သည့်ရည်ရွယ်ချက်နဲ့ တာဝန်ယူ ပြင်ဆင်နေခြင်းကို ပြည်သူတွေအနေဖြင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင်က လည်းကောင်း သိစေလိုပါတယ်။ ဘာဖြစ်လို့ ဒီလိုတင်ပြရလည်းဆိုရင် ၂၀၁၅ ရဲ့ ရွေးကောက်ပွဲဝင်ခဲ့တဲ့ တချို့သော လူကြီးမင်းများရဲ့ ရွေးကောက်ပွဲဝင်စကားလုံးတွေမှာ ဒီဥပဒေနဲ့ပတ်သက်ပြီး နားမလည် တာလား။ ဥပဒေတင်ပြတဲ့သူတွေကိုပဲ သိက္ခာချချင်တာလားတော့မသိပါဘူး။ ဒီဥပဒေကြီးသာ ပြဋ္ဌာန်း လိုက်ရင် နိုင်ငံအတွင်းမှာ ပြည့်တန်ဆာတွေပေါများလာတော့မှာပဲ။ ပြည့်တန်ဆာခန်းတွေပေါများလာ တော့မှာပဲဆိုပြီးတော့ ဥပဒေပြုနေတဲ့လွှတ်တော်ကြီးကိုရော၊ လွှတ်တော်ကိုယ်စားလှယ်အချင်းချင်းကို ရော သိက္ခာချတဲ့ စကားလုံးတွေနဲ့ လူထုကြားထဲမှာ ဝါဒဖြန့်နေတာကို ကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဟာ အောက်ခြေပြည်သူများအတွက် အားကိုးရာဖြစ်တဲ့ ပြည်သူများ နဲ့အနီးကပ်ဆုံး၊ အကျိုးရှိဆုံး ကော်မတီတစ်ခုဖြစ်ပါတယ်။ သို့သော် ပြည်သူတွေရဲ့ တိုင်ကြားစာတွေမှာ အချိန်ကာလကြာမြင့်သည့်တိုင် ပြန်ကြားချက်မရရှိခြင်း၊ ပြန်ကြားချက်ရရှိသော်လည်း ထိရောက်တဲ့ ဖြေရှင်းမှုမရရှိခြင်းမှာ အုပ်ချုပ်ရေးအပေါ် အစိုးရအပိုင်းမှာ ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့ခြင်း ကြောင့်ဖြစ်ကြောင်းကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ တည်ဆဲဥပဒေတွေမှ နိုင်ငံတော်နှင့် နိုင်ငံသားတွေ အတွက် ဦးစားပေးလိုအပ်တဲ့ ဥပဒေတွေကို ခေတ်စနစ်နဲ့ညီညွတ်စေရေးအတွက် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းတွေကို ဥပဒေနဲ့အညီ အမြန်ဆုံး အကော်အထည်ဖော်ဆောင်ရွက်ရင် နောင်တက်လာမယ့် လွှတ်တော်အသစ်သက်တမ်းတွင် အုပ်ချုပ်ရေးပိုင်းမှ ပူးပေါင်းဆောင်ရွက်လာစေ ရန် ကိုယ်စားလှယ်များအနေဖြင့် ဆောင်ရွက်နိုင်ပါစေလို့ တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်ရှင်။ ကျေးဇူး တင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အခုလိုဆွေးနွေးပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်ကို ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနဲ့ အတည်ပြုချက်ရယူခြင်းများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုတင်သွင်းရန် ဖိတ်ခေါ်အပ်ပါတယ်။

**ဦးတင်မောင်ဦး(အတွင်းရေးမှူး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ ရိုသေလေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအနေနှင့် ကျွန်တော်တို့ကော်မတီရဲ့အစီရင်ခံစာကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၁)ရက်မြောက်နေ့ဖြစ်တဲ့ ၃-၁၂-၂၀၁၅ ရက်နေ့မှာ တင်သွင်းခဲ့ပါတယ်။ ဒီ အစီရင်ခံစာနှင့် ပတ်သက်လို့ လိုအပ်တဲ့အကြံပြုချက်များကို ပါဝင်ဆွေးနွေးသွားတဲ့ ဒေါ်စန္ဒာမင်း ကိုလည်း ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကော်မတီရဲ့ တင်သွင်းခဲ့တဲ့ အစီရင်ခံစာကို ပြည်သူ့လွှတ်တော်မှ သဘောတူလက်ခံပေးဖို့အတွက် အဆိုပြုတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မှုကြမ်း**

**အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းမဝေး (၁၁) ရက်မြောက်နေ့တွင် တင်ပြခဲ့သော ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုတင်သွင်းရန် ဖိတ်ခေါ်အပ်ပါတယ်။

**ဦးခင်မောင်သီ(အဖွဲ့ဝင်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ)** ။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ တင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ တင်သွင်းခဲ့တဲ့အစီရင်ခံစာအား ပြည်သူ့လွှတ်တော်မှ သဘောတူလက်ခံပေးနိုင်ပါရန်အတွက် အဆိုကို တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာ အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေမူကြမ်းကို လွှတ်တော်သို့ တင်သွင်းမှာဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းလိုတဲ့အချက်ကတော့ အဲဒီဥပဒေမှာ အသစ်ဖြည့်စွက်ချက် ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ အသစ်ဖြည့်စွက်မယ့်အချက်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဌ)ရဲ့နောက်မှာ ပုဒ်မခွဲ(ဍ)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

ပြည်ထောင်စုလွှတ်တော်နာယက က ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသား လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ကြောင်း အကြောင်းကြားပါက အကြောင်းကြားသည့် နေ့ရက်မှ ၃ လအတွင်း ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ဆောင်ရွက်ခြင်းဆိုတဲ့အချက်ကို ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။

တင်သွင်းရတဲ့အကြောင်းရင်းကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)မှာ ရွေးကောက်ပွဲဆိုရာ၌ သက်ဆိုင်ရာလွှတ်တော် ပုံမှန်သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိတဲ့ မဲဆန္ဒနယ်နယ်မြေများအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပတဲ့ ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်တယ်လို့ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲက လစ်လပ်တဲ့မဲဆန္ဒနယ်အတွက်သာ လုပ်ရတဲ့အတွက်ကြောင့် အထွေထွေရွေးကောက်ပွဲလောက် အချိန်ယူဖို့မလိုပါဘူး။ လွှတ်တော်ကိုယ်စားလှယ်လစ်လပ်တဲ့

မဲဆန္ဒနယ်မြေမှာ လွှတ်တော်ကိုယ်စားလှယ် အမြန်ရရှိမှသာ သက်ဆိုင်ရာမဲဆန္ဒနယ်မြေအတွက် လိုအပ်တဲ့လုပ်ငန်းကိစ္စများကို ယင်းလွှတ်တော်ကိုယ်စားလှယ်က ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့် အချိန်တိုအတွင်း လစ်လပ်တဲ့မဲဆန္ဒနယ်မြေများမှာ လွှတ်တော်ကိုယ်စားလှယ်များ အမြန်ဆုံးရွေးကောက်တင်မြှောက်ပေးနိုင်ရန် ရည်ရွယ်ပြီး ကော်မရှင်ရဲ့တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ယခုတင်ပြတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းမူကြမ်းအား လွှတ်တော်မှ ဆွေးနွေးအတည်ပြု ပေးပါရန် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်အပ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း ဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စား ကော်မတီဥက္ကဋ္ဌ၏တာဝန်ပေးအပ် ချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား တင်ပြ သွားမှာဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင် ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက် ရှိသော မဲဆန္ဒနယ်မြေများအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပနိုင်သည်ဟုသာ ပါရှိသဖြင့် လစ်လပ်မဲဆန္ဒနယ်မြေများအတွက် လွှတ်တော် ကိုယ်စားလှယ်များကို အမြန်ဆုံးရွေးကောက်တင်မြှောက်ပေးနိုင်ရန် ရည်ရွယ်လျက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များတွင် ဖြည့်စွက်ပြင်ဆင်ပြီး ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက ၎င်းဥပဒေကြမ်းကို တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၆-၁၂-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်း အဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ယင်းဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၃)ပိုဒ် ပါရှိပါသည်။

(၂) အပိုဒ် ၂ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(က)၏ နောက် တွင် ပုဒ်မခွဲ(က-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(က-၁) ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ခုခုတွင် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ် လပ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌက အကြောင်းကြားသည့် နေ့ရက်မှ သုံးလအတွင်း ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်း။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံစာတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၀-၁၂-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော် ဆက်လက်တင်သွင်းမယ့် ဥပဒေကတော့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်း ဖြစ်ပါ

တယ်။ ဒီဥပဒေမှာ ပြင်ဆင်ချက်(၂)ချက် တင်သွင်းလိုခြင်းဖြစ်ပါတယ်။ ပထမအချက်ကတော့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

ရွေးကောက်ပွဲဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ဆိုသည် ယင်းစကားရပ်တွင် သက်ဆိုင်ရာလွှတ်တော်ပုံမှန်သက်တမ်းအတွက် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်ဆိုတဲ့ ပြင်ဆင်ချက်ဖြစ်ပါတယ်။ ဒီဥပဒေကို ပြင်ဆင်တဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ရွေးကောက်ပွဲဆိုရာတွင် ကြားဖြတ်ရွေးကောက်ပွဲလည်းပါဝင်ကြောင်း ဖြည့်စွက်ခြင်းဖြင့် ဥပဒေကို ပိုမိုပြည့်စုံအောင် ရှင်းလင်းစေရန် ပြင်ဆင်ရခြင်းဖြစ်ပါတယ်။

ဒုတိယပြင်ဆင်လိုတဲ့အချက်ကတော့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူက ကန့်ကွက်သောကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးဖြစ်သည့်ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သောအကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်ဟု ပြင်ဆင်ရန်ဖြစ်ပါတယ်။ ပြင်ဆင်လိုတဲ့အကြောင်းအရာကတော့ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ ကိုယ်စားလှယ်ကို ကန့်ကွက်တဲ့အခါမှာ မည်သည့်ကိစ္စကို မည်သို့ဖော်ပြကန့်ကွက်ရမည်ဖြစ်ကြောင်း ဥပဒေမှာ ပြည့်စုံအောင်ရှင်းလင်းစေလိုတဲ့အတွက်ကြောင့် ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ဒို့အတွက်ကြောင့် ယခုတင်ပြတဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ဆွေးနွေးအတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ကော်မတီရဲ့ တာဝန်ပေးချက်အရ လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ။

၁။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက အောက်ဖော်ပြပါအချက်များအပေါ်အခြေခံ၍ ပြင်ဆင်ရန်တင်ပြလာခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်-

(က) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် ကြားဖြတ်ရွေးကောက်ပွဲကိစ္စ ပါဝင်ခြင်းမရှိသည့်အတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဆိုသည့်စကားရပ်၌ ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်ရန် လိုအပ်ခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကန့်ကွက်လိုသည့်အခါ ကန့်ကွက်သူများအနေဖြင့် မည်သည့်ကိစ္စအတွက် မည်သို့အကြောင်းပြကန့်ကွက်ရမည်ကို ရှင်းလင်းစွာသိရှိစေလိုခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၆-၁၂-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့် အညီ လေ့လာစိစစ်ခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ရှိ ရွေးကောက်ပွဲဆိုသည့်စကားရပ်၏ အနက်အဓိပ္ပာယ်ကိုဖွင့်ဆိုရာတွင် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်ကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အပြင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် ကြားဖြတ်ရွေးကောက်ပွဲကိစ္စ ပါဝင်ခြင်းမရှိသည့်အတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဆိုသည့် စကားရပ်၌ ကြားဖြတ်ရွေးကောက်ပွဲဆိုသည့် စကားရပ်ကို ဖြည့်စွက်မှသာ ပြည့်စုံမည်ဖြစ်၍လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကန့်ကွက်သည့်အခါ ကန့်ကွက်သူများအနေဖြင့် မည်သည့်ကိစ္စအတွက် မည်သို့အကြောင်းပြကန့်ကွက်ရမည်ကို ရှင်းလင်းစွာသိရှိစေရန်လည်းကောင်း ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းလာသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ သဘောတူလက်ခံခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်

အဆိုတင်သွင်းဆွေးနွေးလိုသူများသည် မိမိတို့ပြင်ဆင်လိုတဲ့ ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၀-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တင်သွင်းမယ့် ဥပဒေကြမ်းကတော့ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေမူကြမ်း ဖြစ်ပါတယ်။ ဒီမှာလည်းပဲ အချက် ၂ ချက်ပြင်ဆင်၍ တင်သွင်းပါမယ်။ ပထမတစ်ချက်ကတော့ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်။ ရွေးကောက်ပွဲဆိုသည်မှာ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲကိုဆိုသည် ယင်းစကားရပ်ကို သက်ဆိုင်ရာလွှတ်တော်ပုံမှန် သက်တမ်းအတွက် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များအတွက် ကော်မရှင်ကအခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်းပါဝင်သည်။

ဒုတိယပြင်ဆင်လိုသည့်အချက်ကတော့ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်ခံရသူအား ကန့်ကွက်သောကန့်ကွက်လွှာကို ယှဉ်ပြိုင်ရွေးကောက်ခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် မည်သည့်မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့်ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်တွင်ကျင်းပခဲ့သောရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်းအကြောင်းပြ၍ ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော

အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည် ဖြစ်ပါတယ်။

တင်သွင်းရသည့်ရည်ရွယ်ချက်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဃ)မှာ ရွေးကောက်ပွဲဆိုသည့်စကားရပ်အဓိပ္ပာယ်ကို ဖွင့်ဆိုရာမှာ ကြားဖြတ်ရွေးကောက်ပွဲလည်းပါဝင်ကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသော်လည်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေမှာ ကြားဖြတ်ရွေးကောက်ပွဲကိစ္စ ပါဝင်ခြင်းမရှိတဲ့အတွက် ပြည့်စုံစေရန် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဆိုသည့်စကားရပ်ကို ကြားဖြတ်ရွေးကောက်ပွဲလည်းပါဝင်ကြောင်း ဖြည့်စွက်မှသာပြည့်စုံမည်ဖြစ်တဲ့အတွက်ကြောင့် ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်က လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကန့်ကွက်တဲ့အခါ ကန့်ကွက်သူများအနေဖြင့် မည်သည့်ကိစ္စအတွက်မည်ကဲ့သို့အကြောင်းပြကန့်ကွက်ရမည်ကို ရှင်းလင်းစွာသိရှိစေလို၍ ဥပဒေကိုတိကျရှင်းလင်းစေရန် ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ ယင်းအတွက်ကြောင့် အခုတင်ပြတဲ့ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေမူကြမ်းအား လွှတ်တော်ကဆွေးနွေးအတည်ပြုပေးပါရန် လေးစား စွာတင်ပြအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို တတိယ အကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ် တွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်း ကော်မတီအား ဖိတ်ကြားပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် ဒီမောဆိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း

ကော်မတီရဲ့ကိုယ်စား အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ၂၇-၁၁-၂၀၁၅ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက အောက်ဖော်ပြပါအချက်များ အပေါ် အခြေခံ၍ ပြင်ဆင်ရန်တင်ပြလာခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်-

(က) အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် ကြားဖြတ်ရွေးကောက်ပွဲကိစ္စ ပါဝင်ခြင်းမရှိသည့်အတွက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဆိုသည့်စကားရပ်၌ ကြားဖြတ်ရွေးကောက် ပွဲစကားရပ် ပါဝင်ရန်လိုအပ်ခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကန့်ကွက်သည့်အခါ ကန့်ကွက်သူများအနေဖြင့် မည်သည့်ကိစ္စအတွက် မည်သို့အကြောင်းပြကန့်ကွက်ရမည်ကို ရှင်းလင်းစွာ သိရှိစေလိုခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၆-၁၂-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ရှိ ရွေးကောက်ပွဲဆိုသည့်စကားရပ်၏ အနက်အဓိပ္ပာယ်ကိုဖွင့်ဆိုရာတွင် ကြားဖြတ်ရွေးကောက်ပွဲလည်းပါဝင်ကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အပြင် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေတွင် ကြားဖြတ်ရွေးကောက်ပွဲကိစ္စ ပါဝင်ခြင်းမရှိသည့်အတွက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဆိုသည့် စကားရပ်၌ ကြားဖြတ်ရွေးကောက်ပွဲဆိုသည့်စကားရပ်ကို ဖြည့်စွက်မှသာ ပြည့်စုံမည်ဖြစ်၍လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကန့်ကွက်သည့်အခါ ကန့်ကွက်သူများအနေဖြင့် မည်သည့်ကိစ္စအတွက် မည်သို့အကြောင်းပြကန့်ကွက်ရမည်ကို ရှင်းလင်းစွာ သိရှိစေရန်လည်းကောင်း ပြည်သူ့

လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းလာသည့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ သဘောတူ လက်ခံခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်း ဥပဒေ ၆၁ အရစိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြ အပ်ပါသည်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

ဒုတိယဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်း ဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင် ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် မိမိတို့ပြင်ဆင်လိုတဲ့ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၀-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီကတင်သွင်းသည့် တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း**

ဒုတိယဥက္ကဋ္ဌ။ ။ အစီအစဉ် ၂၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်ဆက်လက်တင်သွင်းမယ့် ဥပဒေကြမ်းကတော့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း ဖြစ်ပါတယ်။ ဒီမှာလည်းပဲ အပိုဒ် ၂ ပိုဒ်ပြင်ဆင်ဖို့ တင်ပြလိုခြင်းဖြစ်ပါတယ်။ ပထမအပိုဒ်ကတော့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်။ ရွေးကောက်ပွဲဆိုသည်မှာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲကို ဆိုလိုသည်။ ယင်း စကားရပ်ကို သက်ဆိုင်ရာလွှတ်တော်ပုံမှန်သက်တမ်းအတွက် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာသတ်မှတ်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲလည်း ပါဝင်သည်။

ဒုတိယပြင်ဆင်ချက်ကတော့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူအား ကန့်ကွက်သောကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် မည်သည့် မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်ကဆုံးဖြတ်မည်ဖြစ်သည့်ကိစ္စရပ်များမှအပ ယင်းမဲဆန္ဒနယ်အတွက် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း အကြောင်းပြ၍ကန့်ကွက်လိုလျှင် ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သောအကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်မည်ဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်ကတော့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ရွေးကောက်ပွဲဆိုရာတွင် ကြားဖြတ်ရွေးကောက်ပွဲလည်းပါဝင်ကြောင်း ဖြည့်စွက်ခြင်းဖြင့် ဥပဒေကို ပြည့်စုံရှင်းလင်းစေရန် ပြင်ဆင်ရခြင်းဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ကိုယ်စားလှယ်ကို ကန့်ကွက်ရန် မည်သည့်ကိစ္စကို မည်သို့ဖော်ပြကန့်ကွက်ရမည်ဖြစ်ကြောင်း ဥပဒေမှာပြည့်စုံရှင်းလင်းစေလိုတဲ့အတွက်ကြောင့် ပြင်ဆင်ချက်တင်သွင်းရခြင်းဖြစ်ပါတယ်။ ဒီအတွက်ကြောင့် တိုင်းဒေသကြီးလွှတ်တော်

သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်မှ ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြား ရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါ တယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ် များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်း ပါစေကြောင်း ဆုမွန်ကောင်းတောင်း ရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ဖတ်ကြားတင်ပြမှာ ဖြစ်ပါ တယ်။

၁။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါသည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယ အကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး

ကော်မတီက အောက်ဖော်ပြပါအချက်များအပေါ် အခြေခံ၍ ပြင်ဆင်ရန် တင်ပြလာခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်-

(က) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် ကြားဖြတ်ရွေးကောက်ပွဲကိစ္စပါဝင်ခြင်း မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဆိုသည့် စကားရပ်၌ ကြားဖြတ်ရွေးကောက်ပွဲစကားရပ် ပါဝင်ရန်လိုအပ်ခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကန့်ကွက်သည့်အခါ ကန့်ကွက်သူများအနေဖြင့် မည်သည့်ကိစ္စအတွက် မည်သို့အကြောင်းပြကန့်ကွက်ရမည်ကို ရှင်းလင်းစွာသိရှိစေလိုခြင်း၊

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၆-၁၂-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ရှိ ရွေးကောက်ပွဲဆိုသည့် စကားရပ်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် ကြားဖြတ်ရွေးကောက်ပွဲလည်းပါဝင်ကြောင်း အနက်အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အပြင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် ကြားဖြတ်ရွေးကောက်ပွဲကိစ္စပါဝင်ခြင်းမရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဆိုသည့်စကားရပ်၌ ကြားဖြတ်ရွေးကောက်ပွဲဆိုသည့်စကားရပ်ကို ဖြည့်စွက်မှသာ ပြည့်စုံမည်ဖြစ်၍လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကန့်ကွက်သည့်အခါ ကန့်ကွက်သူများအနေဖြင့် မည်သည့်ကိစ္စအတွက် မည်သို့အကြောင်းပြကန့်ကွက်ရမည်ကို ရှင်းလင်းစွာသိရှိစေရန်လည်းကောင်း ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းလာသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ သဘောတူ လက်ခံခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါသည်။

**မူကြမ်း**

**ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

ဒုတိယဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသူများသည် မိမိတို့ပြင်ဆင်လိုတဲ့ ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၀-၁၂-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြည်လည်ပေးပို့သော မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

ဒုတိယဥက္ကဋ္ဌ။ ။ အစီအစဉ် ၂၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ၄-၁၂-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ) တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့သော ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ⊞ဌ။** ။ အစီအစဉ် ၂၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက် မရှိအတည်ပြုပြီးနောက် ၄-၁၂-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ပြန်လည်ပေးပို့လာပါတယ်။ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြည်လည်ပေးပို့သော ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၂၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ၄-၁၂-၂၀၁၅ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ လာပါတယ်။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက် သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးထွက်ခွာနိုင်ပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကို ၁၁း၂၅ နာရီ အချိန်တွင်ရပ်နားပါသည်။]

**မူကြမ်း**